မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်၊ ၂၀၀၈ခုနှစ်၊ ဇန်နဝါရီ ၃ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၇)၊ အမှတ် (၉၅)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းဘုရင်မင်းမြတ်ထံ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ထိုင်းနိုင်ငံဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက်ဂျ်၏ အစ်မတော် ထိုင်းမင်းသမီး ကလျာဏီဝတ္တနာ (Her Royal Highness Princess Galyani Vadhana) သည် ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် ကွယ်လွန်အနိစ္စရောက်သွားခြင်းအတွက် ထိုင်းနိုင်ငံဘုရင်မင်းမြတ် ဘူမိဘော အဒူလျာဒက်ဂျ်ထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဖွင့်လှစ်လိုက်သည့် ပသိရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံကို တွေ့ရစဉ်။ (သတင်းစဉ်)

လွတ်လပ်ရေးကို မြတ်နိုးသောစိတ်ဓာတ် ဆက်လက်ရှင်သန်စေရန်ဆောင်ရွက်

မြန်မာ့သမိုင်းစဉ်တစ်လျှောက်၌ မြန်မာနိုင်ငံသားတို့၏ လွတ်လပ်ရေးကို မြတ်နိုးသော စိတ်ဓာတ်သာမက လွတ်လပ်ရေးကို ထိန်းသိမ်းစောင့်ရှောက်သော စိတ်ဓာတ်တို့မှာ ခိုင်မာထင်ရှားခဲ့ပြီးဖြစ်ပါသည်။ ထိုစိတ်ဓာတ်တို့သည် နောင်အစဉ်ဖွံ့ဖြိုးပြီး သားစဉ်မြေးဆက် တည်တံ့၍ ဆက်လက် ရှင်သန်နိုင်စေရန်အတွက် ကျွန်ုပ်တို့က အားထုတ် ဆောင်ရွက်ပေးကြရမည့် တာဝန်လည်း ရှိပေသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာမှ–

လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆို ပသိရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ပဲခူးတိုင်း တောင်ငူမြို့နယ်၌ ဖွင့်လှစ်

နေပြည်တော် ဇန်နဝါရီ ၂

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်ပြီးစီးသွားသော ပသိရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ *စာမျက်နှာ ၃ ကော်လံ ၁* ●

မြန်မာ့အလင်း နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆို

- ❒ ၂၀၀၇ ခုနှစ်အတွင်း နိုင်ငံတစ်ဝန်း ပို့ဆောင်ရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းမှုမှတ်တမ်း (စာ - ၇)
- ❒ အမျိုးသားနိုင်ငံရေး အသိအမြင် နိုးကြားတက်ကြွလာကြသော ယနေ့မြန်မာပြည်သူတို့သည် မိမိတို့၏ အချုပ်အခြာအာဏာ တည်းဟူသော လွတ်လပ်ရေးကိုထိပါးစေမည့် သူတစ်ပါး နောက်မြီးဆွဲ ဘဝ၊ သူတစ်ပါး၏ ရုပ်သေးဘဝတို့သို့ မည်သို့သောအခါမျှ အရောက်ခံမည် မဟုတ်ပါ။
  ငါးမင်းဆွေ၏ လွတ်လပ်ရေးကို သက်စွန့်ကြိုးပမ်းရယူပေးခဲ့ကြသူများ၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေပါလျှင် ဆောင်းပါး (စာ– ၈ နှင့် ၉)
- ❒ လွတ်လပ်ရေးနေ့ အဓိဋ္ဌာန် — ဖိုးရန်နိုင်(ကျောက်ကြီး)၏ ကဗျာ (စာ–၄)
- ❒ မဖောက်မဖျက် လျှောက်လျက် သည်လမ်း ဒို့မပန်း — ဘိုမျိုး(ရွှေဘို)၏ ကဗျာ (စာ–၉)
- ❒ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာ ထာဝရတည်တံ့ဖို့ — ကောင်းထက်၏ ကာတွန်း (စာ–၉)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

3-1 (01) 1 1/3/08, 2:41 AM

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ်၊ ဇန်နဝါရီ ၃ရက်)

ပဲမျိုးစုံပို့ကုန် တိုးတက်မြင့်မားရေး အထွက်နှုန်းကောင်းမျိုးများ တိုးချဲ့စိုက်ပျိုး

ယနေ့အချိန်အခါတွင် နိုင်ငံတော်က လယ်ယာကဏ္ဍထုတ်လုပ်မှု မြင့်မားလာရေးအတွက် စိုက်ပျိုးရေရရှိရေး အပါအဝင် သီးနှံမျိုးကောင်းမျိုးသန့်များနှင့် ခေတ်မီစိုက်ပျိုးရေး နည်းပညာများကို ဖြည့်ဆည်းကူညီပေးလျက် ရှိသည်။

နိုင်ငံအတွင်း စိုက်ပျိုးမြေဧက ၂၁သမ၉သန်းကျော် တိုးတက်လာမှုနှင့်အတူ မိုးစပါး၊ နွေစပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများကို တိုးချဲ့စိုက်ပျိုးနိုင်ခဲ့သည်။

မတ်ပဲကို ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် အဓိကစိုက်ပျိုးကြသည်။ ပဲစင်းငုံကို မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် ရှမ်းပြည်နယ်တို့တွင် စိုက်ပျိုးကြသည်။ ကုလားပဲကို စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့တွင် စိုက်ပျိုးလျက်ရှိသည်။

မြန်မာနိုင်ငံ၏ မတ်ပဲနှင့်ပဲစင်းငုံတို့သည် အရသာပိုမိုကောင်းမွန်သည့်အတွက် အဝယ်လိုက်လျက်ရှိရာ တိုးမြှင့်ထုတ်လုပ် တင်ပို့နိုင်ပါက နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်မည် ဖြစ်သည်။ ပဲမျိုးစုံသည် နိုင်ငံခြားဝင်ငွေ ရှာဖွေပေးသော သီးနှံဖြစ်သည်။

ပဲစိုက်တောင်သူများအနေဖြင့် ပြည်ပသို့ ပဲမျိုးစုံတင်ပို့ရောင်းချလျက်ရှိရာ အရည်အသွေးကောင်းသော မျိုးကောင်းမျိုးသန့်သီးနှံများ ရွေးချယ်ပြီး တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် အလေးထားဆောင်ရွက်လျက် ရှိသည်။

၁၉၈၈ခုနှစ်နောက်ပိုင်းမှစ၍ ပဲမျိုးစုံသည် ပြည်ပဈေးကွက် ဝယ်လိုအားကောင်းခြင်း၊ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်သက်သာခြင်းနှင့် သီးထပ်သီးညှပ်အဖြစ် လွယ်ကူစွာ စိုက်ပျိုးနိုင်ခြင်းတို့ကြောင့် ထုတ်လုပ်တင်ပို့မှု သိသာစွာတိုးတက်မြင့်မားလာသည်။

သို့ဖြစ်ရာ အထွက်နှုန်းကောင်း ပဲမျိုးများကို တိုးချဲ့စိုက်ပျိုးခြင်း၊ ပိုးမွှားအန္တရာယ်ကင်းရေး ဂရုပြုဆောင်ရွက်ခြင်းဖြင့် ပဲမျိုးစုံအထွက်နှုန်း ကောင်းမွန်ပြီး နိုင်ငံခြားတင်ပို့မှုမြင့်မားကာ ဝင်ငွေတိုးတက်ရရှိလာမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်းတည်ဆောက်ရန် ငွေလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး တွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် တာမွေမြို့နယ် မလွှကုန်း ဒွေးကြွယ်(က)ရပ်ကွက် သမ္မာဒိဋ္ဌိလမ်း အမှတ်(၄၆)၅လွှာနေ နှစ်ဖက်သောမိဘများဖြစ်ကြသည့် ဦးစိန်ကြောင်၊ ဒေါ်လှကျင်၊ ဦးထွန်းမြတ်–ဒေါ်မြမြဝင်းတို့အား အမှူးထား၍ ကိုအောင်နိုင်–မရီရီမွန်၊ သား မောင်ရဲလင်းအောင်၊ မောင်မင်းဆက်ကောင်းမိသားစုက ငွေကျပ် နှစ်သိန်း လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးမောင်လှိုင်၊ ဦးအေးမြင့်နှင့် ဦးဟံညွန့်တို့က လက်ခံယူကြသည်။ **(အောက်ပုံ)**

အဆိုပါ စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် စေတီတော်ဂေါပကရုံး ဖုန်း–၆၆၀၀၀၆နှင့် ၇၁၀၃၇၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ **(က–ပ)**

အင်ဒိုနီးရှားနိုင်ငံ၌ တည်ထားကိုးကွယ်မည့် ကျိုက်ထီးရိုးပုံတူစေတီတော်အတွက် ငွေလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂

ရန်ကုန်မြို့ ဝေနေယျသုခ ရေချမ်းစင်အသင်း(၁၀၃)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် အင်ဒိုနီးရှားနိုင်ငံတွင် တည်ထားကိုးကွယ်မည့် ဉာဏ်တော်၁၀၈ပေ ရွှေတိဂုံစေတီတော်ပုံတူနှင့် ကျိုက်ထီးရိုးစေတီတော်ပုံတူ စေတီတော်နှစ်ဆူအတွက် ငွေကျပ်၁၀သိန်းကို ဇန်နဝါရီ ၁ရက်က ဥက္ကဋ္ဌဦးကျော်သောင်း၊ ဒုတိယဥက္ကဋ္ဌ(ဘဏ္ဍာရေးမှူး) ဦးသိန်းဆောင်နှင့် အတွင်းရေးမှူး ဦးသိန်းတန်တို့က ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ ဒုတိယရုံးအဖွဲ့မှူး ဦးထွန်းရွှေမှတစ်ဆင့် လှူဒါန်းကြောင်း သိရသည်။**(ဝဲပုံ)** **(က–ပ)**

ကျန်းမာရေးဝန်ကြီး ဒေါက်တာကျော်မြင့် ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်(ရန်ကုန်)ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးနှင့် အတူ ဒီဇင်ဘာ ၃၁ ရက် နံနက် ၉ နာရီခွဲက အောင်ဆန်းမြို့ စဉ့်ကူရပ်ကွက် အောင်မင်္ဂလာလမ်းရှိ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (ရန်ကုန်) ရှိ အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ် ဒေါက်တာဦးကျော်နှင့် ပါမောက္ခဌာနမှူးများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် စာသင်ဆောင်များ၊ Ultrasound အခန်းနှင့် (X-Ray Room)ခေတ်မှန်စက်အသုံးပြုမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး သင်ကြားရေးဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံမှာကြားသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (ရန်ကုန်)ပင်မဆောင် အဆင့်မြှင့်မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် တီဘီရောဂါကုဆေးရုံ အောင်ဆန်းသို့ ရောက်ရှိကာ လူနာကုသဆောင်များကို လှည့်လည် ကြည့်ရှုစစ်ဆေးကြပြီး အမျိုးသား မှိုင်းပြီ တီဘီခတ်ခွဲ ဌာနနှင့် ပြည်ထောင်စု တီဘီရောဂါ ဆိုင်ရာတို့သို့ သွားရောက် ကြည့်ရှုစစ်ဆေးကြသည်။**(အပေါ်ပုံ)**

(သတင်းစဉ်)

လပွတ္တာမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၂

လပွတ္တာမြို့နယ်အသင်းက ကြီးမှူးကျင်းပမည့် နှစ်ပတ်လည် အစည်းအဝေးပွဲ၊ အသက်၈၀အထက် အသင်းသားများနှင့် မိဘများအား ပူဇော်ကန်တော့ပွဲ၊ နိုင်ငံတော်မှ ချီးမြှင့်ခံရသူ မြို့နယ်သူမြို့နယ်သားများ၊ ၂၀၀၆–၂၀၀၇ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းမှ ဂုဏ်ထူးရ အသင်းဝင်များ၏ သားသမီးများအား ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၃ရက်(တနင်္ဂနွေနေ့) နံနက်၉နာရီတွင် နှင်းဆီကုန်းဘိုးဘွားရိပ်သာ၌ ကျင်းပမည်ဖြစ်ပြီး လပွတ္တာမြို့တွင် ဇန်နဝါရီ ၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် သာသနာ့ဗိမာန်၌ ကျင်းပမည် ဖြစ်သည်။

လှူဒါန်းနိုင်

ပူဇော်ခံများနှင့် ဆုချီးမြှင့်ခံရမည့်သူများသည် ရန်ကုန်မြို့တွင် ဥက္ကဋ္ဌ ဦးအောင် ဖုန်း–၅၇၃၂၈၀၊ ဒုတိယဥက္ကဋ္ဌ ဦးဟန်စိန် ဖုန်း၅၄၁၈၀၆၊ အတွင်းရေးမှူးဦးခင်မောင်လေး ဖုန်း–၇၀၃၀၇၇၊ အသင်းရုံး ဖုန်း–၂၂၂၀၈၈နှင့် လပွတ္တာမြို့တွင် အမှုဆောင် ဦးနေဝင်း ဖုန်း–၀၄၂–၈၀၂၈၉၊ အမှုဆောင် ဦးတင်ဦးတို့သို့ ဇန်နဝါရီ ၁၁ရက် ညနေ၄နာရီ နောက်ဆုံးထား၍ အထောက်အထားများနှင့်အတူ ဆက်သွယ်စာရင်းပေး လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

အထွေထွေရောဂါကုဆရာဝန် ညီလာခံကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို) အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့က (၉)ကြိမ်မြောက် အထွေထွေရောဂါကု ဆရာဝန်ညီလာခံကို ဇန်နဝါရီ ၅ရက်မှ ၆ရက်အထိ ပဲခူးမြို့ရှိ ရွှေဝါထွန်းဟိုတယ်တွင် ကျင်းပမည်ဖြစ်ရာ အထွေထွေရောဂါကုဆရာဝန်များနှင့် စိတ်ပါဝင်စားသော ဆရာဝန်များ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

● ရွှေ့ဖုံးမှ

ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီ ၁၀ မိနစ်တွင် ပဲခူးတိုင်း တောင်ငူမြို့နယ်ရှိ အဆိုပါ စက်ရုံ၌ကျင်းပရာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ပဲခူးတိုင်းတာဝန်ခံ) ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးမြင့်၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ အမှတ်(၁) လျှပ်စစ် စွမ်းအားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပသိရေအားလျှပ်စစ်စီမံကိန်းမှ စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာမှူးကြီးနှင့် တာဝန်ရှိသူများ၊ တောင်ငူခရိုင်နှင့် တောင်ငူမြို့နယ်တို့မှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်နှင့်မြို့နယ် လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ပတ်ဝန်းကျင် ကျေးရွာများမှ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဘင်ခရာ၊ ပန်းဖွား၊ ကရင်ဒုံးယိမ်းအကနှင့် ရှမ်းအိုးစည် အကအဖွဲ့ဝင်များ၊ မင်္ဂလာစည်တော်အဖွဲ့နှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

လက်တွေ့အကောင်အထည်ဖော်

ရှေးဦးစွာ ပသိရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားကို စက်ရုံရှေ့ရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက အဖွင့်အမှာစကား ပြောကြားရာတွင် ပသိရေအားလျှပ်စစ်စက်ရုံသည် ပဲခူးတိုင်း တောင်ငူမြို့နယ် တောင်ငူမြို့၏ အရှေ့မြောက်ဘက်၁၀မိုင်ခန့်အကွာငွေတောင်လေးကျေးရွာအနီး ပသိချောင်းကိုပိတ်၍ တည်ဆောက်ပြီးစီးထားသော ပသိရေလှောင်တမံမှ ဆည်ရေကို အသုံးပြုရန် ရည်ရွယ်တည်ဆောက်ထားသည့် ရေအားလျှပ်စစ်စီမံကိန်းဖြစ်ကြောင်း၊ **ပသိရေလှောင်တမံကို ၁၉၉၇ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ပြီးစီးခဲ့သဖြင့် ရေလှောင်တမံဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၈ ရက်တွင် ကျင်းပခဲ့ပြီး အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် တက်ရောက်အားပေးချီးမြှင့်ခဲ့ကြောင်း၊** စီမံကိန်း၏ ဒုတိယအဆင့် ရေအားလျှပ်စစ်ကဏ္ဍကို အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ ဆက်လက်လိုက်ပါ ဆောင်ရွက်ခဲ့သဖြင့် ယနေ့နယ်မြေဒေသ၏ လျှပ်စစ်လိုအပ်ချက်ကို လက်တွေ့အကောင်အထည်ဖော်ဖြည့်ဆည်းနိုင်ခဲ့ပြီဖြစ်ကြောင်း။

ပသိရေလှောင်ကန်အတွင်း နှစ်စဉ်ပျမ်းမျှစီးဝင်ရေ ပမာဏမှာ တစ်နှစ်ပတ်လုံး ဓာတ်အားထုတ်လုပ်နိုင်ရန် လိုအပ်ရေ အလုံလောက်ရှိသည့် ရေအားလျှပ်စစ်စီမံကိန်းဖြစ်ကြောင်း။

ချစ်ကြည်ရင်းနှီးမှု

ကရင်ပြည်နယ်အတွင်းမှ မြစ်ဖျားခံစီးဆင်းခဲ့သည့် ပသိချောင်းကိုပိတ်၍ တည်ဆောက်ခဲ့သည့် ရေလှောင်တမံသိုလှောင်ရေများကို အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ တိုင်းရင်းသား ညီအစ်ကိုများအပေါ် ထားရှိသည့် စိတ်စေတနာမွန်ဖြင့် လမ်းညွှန်ချက်အရ ကရင်ပြည်နယ် သံတောင်ကြီးနှင့် သံတောင်သစ်တို့သို့ သီးသန့် ၃၃ ကေဗွီ ဓာတ်အားလိုင်းစနစ်ဖြင့် ပို့လွှတ်ဖြန့်ဖြူးပေးနိုင်သည်မှာ များစွာဂုဏ်ယူဖွယ် ဖြစ်သည်ဟု ပြောကြားလိုကြောင်း၊ ကရင်ပြည်နယ်အတွင်းမှ စီးဆင်းလာသော ပသိရေကို အသုံးချ၍ ကရင်ပြည်နယ်အတွင်းသို့ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနိုင်ခြင်းသည် တိုင်းရင်းသားများ ချစ်ကြည်ရင်းနှီးမှုသရုပ်ကိုလည်း ဖန်တီးနိုင်ခဲ့သည်ဟု ပြောကြားလိုကြောင်း။



ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့ ပသိရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

ဘက်စုံစီမံကိန်း

ပသိရေလှောင်တမံသည် ယခုအခါ လယ်မြေဧရိယာ ဧက ၃၀၀၀ ပေါ်တွင် သီးနှံဧရိယာ ဧက၄၀၀၀ ကိုသာ စိုက်ပျိုးရေပေးနိုင်ရုံသာမကဘဲ ရေအားလျှပ်စစ်တပ်ဆင်စက်အင်အား ၂ မဂ္ဂါဝပ် (ကီလိုဝပ် ၂၀၀၀)ဖြင့် ဓာတ်အားထုတ်လုပ်နိုင်မည်ဖြစ်၍ ဘက်စုံစီမံကိန်းဝင်တစ်ခုအဖြစ် ခေါ်ဆိုနိုင်ကြောင်း။

ပဲခူးတိုင်းသည် ရေအားလျှပ်စစ်အရင်းအမြစ်များ ပေါကြွယ်ဝသည့် တိုင်းတစ်တိုင်းဖြစ်သည့် အလျောက် စစ်တောင်းမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများကို အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အစီအရီ ပေါ်ပေါက်လာရေး ကြိုးပမ်းအားထုတ် ဆောင်ရွက်လျက်ရှိသည်ကို ပြောကြားလိုကြောင်း။

ပဲခူးတိုင်း ပဲခူးမြို့နယ် ဇောင်းတူ ရေအား လျှပ်စစ်စီမံကိန်း မဂ္ဂါဝပ် ၂၀၊ ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာအနီး ရဲနွယ်ရေအားလျှပ်စစ်စီမံကိန်း ၂၅မဂ္ဂါဝပ်၊ တောင်ငူမြို့နယ် ငွေတောင်လေး ကျေးရွာအနီး ပသိရေအား လျှပ်စစ်စီမံကိန်း ၂ မဂ္ဂါဝပ် တို့သည် ပြီးစီးထားသည့် စီမံကိန်းများ ဖြစ်ကြောင်း၊ ၎င်းအပြင် တည်ဆောက်ဆဲအုတ်တွင်းမြို့နယ် ခပေါင်းရေအားလျှပ်စစ်စီမံကိန်း မဂ္ဂါဝပ်၃၀၊ တောင်ငူမြို့နယ် သောက်ရေခပ်(၂) စီမံကိန်း မဂ္ဂါဝပ်၁၄၀၊ ဖြူးမြို့နယ် ဖြူးချောင်းရေအားလျှပ်စစ် စီမံကိန်းမဂ္ဂါဝပ် ၄၀၊ ဖြူးမြို့နယ်ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်း မဂ္ဂါဝပ် ၆၀၊ ညောင်လေးပင်မြို့နယ်၊ ရွှေကျင်ရေအား လျှပ်စစ်စီမံကိန်း ၇၅ မဂ္ဂါဝပ်တို့သည် တစ်ခုပြီးတစ်ခုဓာတ်အားထုတ်လုပ်သည့် အဆင့်ဆက်တိုက်ထွက်ပေါ်လာမည့် စီမံကိန်းများ ဖြစ်ပြီး ခပေါင်းစီမံကိန်းက မကြာမီဖွင့်လှစ်နိုင်တော့မည့် ရေအားလျှပ်စစ်စီမံကိန်းတစ်ခုဖြစ်သည်ဟု ပြောကြားလိုကြောင်း၊အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သီးခြားတာဝန်ယူ ဆောင်ရွက် လုပ်ကိုင်လျက်ရှိသည့် ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်း၊ ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း၊ သောက်ရေခပ်(၂) ရေအားလျှပ်စစ် စီမံကိန်းတို့အနက် ကွန်းချောင်းနှင့် သောက်ရေခပ်(၂) စီမံကိန်းနှစ်ခုသည် စိုက်ပျိုးရေအတွက် ဆည်ရေပေးဝေနိုင်သည့် စီမံကိန်းများ ဖြစ်ကြကြောင်း၊ ရေအားလျှပ်စစ်စီမံကိန်းများကို နိုင်ငံတော်မှ ပြည်တွင်းသုံးငွေနှင့် နိုင်ငံခြားသုံးငွေ အမြောက်အမြား အကုန်အကျခံကာ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ဖြစ်သည်ကို သိရှိနားလည်ကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ဓာတ်အားထုတ်လုပ်

ထို့နောက် အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းက အမှာစကားပြောကြားရာတွင် ယနေ့ဖွင့်လှစ်သော ပသိရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံသည် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းမှ ထိန်းသိမ်းမောင်းနှင်ဓာတ်အားထုတ်လုပ်ပေးလျက်ရှိသည့် စက်ရုံ ၁၃ ခုတွင် တစ်ခုအပါအဝင်ဖြစ်ကြောင်း။

သီးသန့်ဓာတ်အားလိုင်း

စက်တစ်လုံးလျှင် ၁ မဂ္ဂါဝပ်ရှိသည့် စက်နှစ်လုံး တပ်ဆင်ထားပြီး စုစုပေါင်းစက်တပ်ဆင်အင်အား ၂မဂ္ဂါဝပ်ရှိကြောင်း၊ ပသိရေအားလျှပ်စစ်စက်ရုံ၏ မြို့ပြဆိုင်ရာ တည်ဆောက်မှု၊ စက်မှု လျှပ်စစ်ပိုင်းဆိုင်ရာ တပ်ဆင်တည်ဆောက်မှုတို့ကို ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းမှ ၂၀၀၆ခုနှစ် ဒီဇင်ဘာတွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၀၇ ခုနှစ် ဒီဇင်ဘာတွင် စက်စမ်းသပ်လည်ပတ်၍ ဓာတ်အား ထုတ်လုပ် ဖြန့်ဖြူးပေးနိုင်ခဲ့သဖြင့် တစ်နှစ်ကာလအတွင်း စီမံကိန်းပြီးစီးသဖြင့် ဒေသလိုအပ်သည့် လျှပ်စစ်ဓာတ်အားကို ဖြည့်ဆည်းပေးနိုင်ခဲ့ကြောင်း၊ နှစ်စဉ် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ သန်းပေါင်းရှစ်သန်း ထုတ်လုပ်ပေးမည်ဖြစ်ပြီး စက်ရုံမှ ထွက်ရှိလာသောဓာတ်အားများကို သီးသန့်ဓာတ်အားလိုင်းစနစ်ဖြင့်ကရင်ပြည်နယ် သံတောင်ကြီးနှင့် သံတောင်သစ်မြို့များသို့ အဓိက ဖြန့်ဖြူးပေးရန် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်ထားကြောင်း၊ ပသိရေအားလျှပ်စစ်စက်ရုံသည် နိုင်ငံအတွင်းတွင် ရှိသည့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၄၅ ခု အပါအဝင် ၄၆ခုမြောက် ဖွင့်လှစ်သော ရေအားလျှပ်စစ်စက်ရုံ ဖြစ်ပြီး ပဲခူးတိုင်းနှင့် စစ်တောင်းမြစ်ဝှမ်း ရေအားလျှပ်စစ် စီမံကိန်းများအနက် စတုတ္ထမြောက် ဖွင့်လှစ်သော စီမံကိန်းလည်း ဖြစ်ပါကြောင်း။

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ပသိဓာတ်အားပေးစက်ရုံ အပါအဝင် တစ်ပြိုင်တည်းတည်ဆောက်နေသည့် ရေအားလျှပ်စစ် စီမံကိန်းကြီး ၁၅ ခုပြီးသွားလျှင် စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၁၀၄၀၀ထပ်မံတိုးတက်ရရှိလာမည်ဖြစ်ပါကြောင်း။

ကြိုးစားတည်ဆောက်

ယင်းတစ်ပြိုက်တည်းတည်ဆောက်နေသော စီမံကိန်း၁၅ခုအနက် ကျိုင်းတောင်း စီမံကိန်း ၅၄မဂ္ဂါဝပ်၊ ရွှေလီ(၁)စီမံကိန်း မဂ္ဂါဝပ် ၆၀၀၊ ရဲရွာစီမံကိန်း မဂ္ဂါဝပ် ၇၉၀နှင့် စစ်တောင်းမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများဖြစ်သည့် ခပေါင်းစီမံကိန်း မဂ္ဂါဝပ် ၃၀၊ ကွန်းချောင်းစီမံကိန်း မဂ္ဂါဝပ်၆၀၊ ဖြူးချောင်းစီမံကိန်း မဂ္ဂါဝပ်၄၀၊ ရွှေကျင်စီမံကိန်း ၇၅မဂ္ဂါဝပ် စီရှိကြသည့် စီမံကိန်းကြီးခုနစ်ခုကို ၂၀၀၇ ခုနှစ်မှ ၂၀၁၀ပြည့်နှစ်အတွင်း တစ်ခုပြီးတစ်ခု၊ တစ်နှစ်ပြီးတစ်နှစ် အစီအရီ ဆက်တိုက်ပြီးစီးသွားအောင် ကြိုးစားတည်ဆောက်လျက်ရှိကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူများကိုယ်စားကိုယ်စားလှယ်တစ်ဦးက ပသိရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ပေးခြင်းအတွက် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်စကားပြောကြားသည်။

အထိမ်းအမှတ်အလံပေးအပ်

ထို့နောက် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကြည်သာက တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်ချုပ်အောင်မင်းနှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်တို့အား ဖွင့်ပွဲအထိမ်းအမှတ်အလံများကို ပေးအပ်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်တို့က ပသိရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ မှခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများသည် ပသိရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ပသိရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအထိမ်းအမှတ်ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲတို့က ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

မောင်းနှင်ဖွင့်လှစ်

ထို့နောက် တိုင်းမှူးက စက်ရုံ ကွန်ပျူတာ ထိန်းချုပ်ခန်းရှိ Automatic Control Computer System ဖြင့် လျှပ်စစ်ဓာတ်အားပေးစက် အမှတ်(၁) ကို မောင်းနှင်ဖွင့်လှစ်ပေး သည်။

ယင်းနောက် တိုင်းမှူးနှင့်ဝန်ကြီးများသည် စက်ရုံအတွင်းရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်မှုမှတ်တမ်းဓာတ်ပုံပြခန်းကို ကြည့်ရှုကြပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပသိရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက၁၉၉၇ခုနှစ် ဖေဖော်ဝါရီတွင် တည်ဆောက်ပြီးစီးခဲ့သော ပသိရေလှောင်တမံ၌ အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး လုပ်ငန်းက ရေအားလျှပ်စစ်ဓာတ်အား တိုးချဲ့ထုတ်လုပ်ရေးစီမံချက်အရ တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သော ရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံဖြစ်သည်။

ပသိရေလှောင်တမံမှ တောင်ငူဒေသရှိ နွေစပါးစိုက်ဧက ၁၅၀၀ ကို စိုက်ပျိုးရေဖူလုံစွာ ပေးဝေ၍ ပိုလျှံသော ဆည်ရေဖြင့် ရေအားလျှပ်စစ်ဓာတ်အား ထုတ်ယူရန် အချင်းပင်မ ၁၀ပေ၊ စက်ရုံအဝင် ခြောက်ပေ၊ အလျားပင်မ ၇၆၅ ပေ၊ စက်ရုံအဝင် ၁၀၅ပေရှိ ဖိအားမြှင့်ပိုက်လိုင်းဖြင့် တပ်ဆင်စက်အင်အား ၁ မဂ္ဂါဝပ်စီရှိ ကက်ပလန်တာဘိုင် (အလျားလိုက်ဝင်ရိုး) တာဘိုင်အမျိုးအစား စက်နှစ်လုံး တပ်ဆင်ကာ နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ ရှစ်သန်းထုတ်လုပ်၍ ၃၃ ကေဗွီ လိုင်းဖြင့် ကရင်ပြည်နယ် သံတောင်မြို့နယ်သို့ လျှပ်စစ်ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးသွားရန်နှင့် ပိုလျှံသော လျှပ်စစ်ဓာတ်အားကို တောင်ငူဒေသအတွင်း ဖြန့်ဖြူးသွားရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ **(သတင်းစဉ်)**

စစ်ပြီးခေတ် ဟိုက်စကူးကျောင်း အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၂

ကျောင်းတော်ကြီး ဟိုက်စကူး၊ စင်ထရယ်အထက(၁)လသာ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၂၇ရက် (တနင်္ဂနွေနေ့) တွင် ကျင်းပမည်ဖြစ်သည်။ သို့ဖြစ်၍ ဖြစ်မြောက်အောင်မြင်ရေး အစည်းအဝေးကို ဇန်နဝါရီ ၁၃ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် လသာအထက(၁)၌ ပြုလုပ်မည်ဖြစ်ရာ ကျောင်းသူ၊ ကျောင်းသားဟောင်းများအား တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၃-၁-၂၀၀၈ရက် (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၁၀ ၆။ မအီချောင်းတံတား
- ၈:၁၅ ၇။ အကပဒေသာ
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Let's Go

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ရက္ခဗေဒအထူးပြု) [ရုက္ခဗေဒ]
- ၁၇:၀၀ ၅။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၁၇:၁၅ ၆။ တေးဂီတအစီအစဉ်
- ၁၇:၃၀ ၇။ နှစ်(၆၀)ပြည့်လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
- ၁၇:၄၅ ၈။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၁၈:၀၀ ၉။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၁။ တေးဂီတအစီအစဉ်
- ၁၈:၅၅ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရေသူမလေး တတိယချစ်ပုံပြင်** (အပိုင်း-၃၂)
- ၁၉:၃၀ ၁၃။ အချုပ်အခြာအာဏာ ခွန့်ရှည်ကြာ ခိုင်မာစေမှု ဒို့ရေးရှ **"ကွန်ရက်အလား ဖြန့်ကြက်ထား ကျေးလက်လမ်းနှင့် တံတားများ"**
- ၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူများ** (အပိုင်း-၁၅)

ရွှေတောင်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂

ရွှေတောင်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ရွှေတိဂုံဘုရားလမ်း မင်္ဂလာရပ်ရှင်ရုံနှင့်မျက်နှာချင်းဆိုင် သိမ်ကြီးဈေးစီရုံ ဒုတိယထပ် MCC သင်တန်းကျောင်းအောက်ထပ်ရှိ Gano Excel အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၁၃ ရက် (တနင်္ဂနွေနေ့)နံနက်၈နာရီတွင်ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဖြစ်စေ၊ အသင်းမဝင်ရသေးသူဖြစ်စေ ရွှေတောင်မြို့နယ်သူ မြို့နယ်သားများ တက်ရောက်ကြရန်နှင့် ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသူများကို ပညာရည်ချွန် ဆုချီးမြှင့်မည်ဖြစ်သဖြင့် ဦးအောင်မြင့် ဖုန်း-၃၈၄၁၉၀နှင့် ဦးရဲမြင့် ဖုန်း- ၀၉-၅၁၃၀၂၄၅တို့သို့ ဆက်သွယ်စာရင်းပေးပို့ကြရန် နှိုးဆော်ထားသည်။ **(သတင်းစဉ်)**

■ ကျောဖုံးမှ

ရှစ်စင်းမြောက်တံတား

အစီအစဉ်အရ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက တံတားတည်ဆောက်ပေးရခြင်းနှင့် တံတားဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားရာတွင် ဧရာဝတီမြစ် အနောက်ဘက်ခြမ်း ဒေသများ ဆက်သွယ်သွားလာနိုင်စေရန် ဧရာဝတီမြစ်ကူး တံတားကြီးများဖြစ်သည့် ဗလမင်းထင် တံတား၊ မကွေး တံတား၊ ဗိုလ်မြတ်ထွန်းတံတား စသည့်တံတားကြီး ခုနစ်စင်းကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီး ရှစ်စင်းမြောက်ဖြစ်သည့် ဧရာဝတီ တံတား ရတနာပုံကိုလည်း မကြာမီ ဖွင့်လှစ်ပေးနိုင်တော့မည်ဖြစ်ကြောင်း။

တစ်နိုင်ငံလုံးအနေဖြင့် ဒီမဲဇလီ တံတားအပါအဝင် ပေ ၁၈၀နှင့် အထက် တံတားကြီးပေါင်း အစင်း၂၁၀ တည်ဆောက်ပေးပြီးဖြစ်ကြောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့မီးရထားနှင့် တပ်မတော်မှ ဆောက်လုပ်ခဲ့သည့် တံတားများအပါအဝင်ဆိုလျှင် တံတား အစင်း ၂၃၀ရှိပြီး ဖြစ်ကြောင်း။

ဘွက်ကြီးတံတား

ယခုဆိုလျှင် မကွေးတိုင်းအတွင်း ပေ ၁၈၀နှင့်အထက် တံတားကြီးပေါင်း ၁၆စင်း၊ ပေ ၁၀၀မှ ၁၈၀အထိ ငါးစင်း၊ ပေ ၂၀မှ ပေ ၁၀၀အတွင်း အစင်း ၁၀၀ တည်ဆောက်ပေးပြီး ဖြစ်ကြောင်း၊ ကံမမြို့နယ် ရေနံ့သာတံတား၊ အောင်လံမြို့နယ် ဘွက်ကြီးတံတား၊ ပခုက္ကူမြို့နယ်ရှိ ဝက်ခုတ် တံတားတို့မှာ တည်ဆောက်ဆဲဖြစ်ပြီး ဘွက်ကြီးတံတားကို မကြာမီ ဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း၊ စလင်းမြို့နယ်တွင် သရုးချောင်းတံတား၊ မကွေးမြို့နယ်တွင် ဒေါင်းနေချောင်းတံတား၊ တောင်တွင်းကြီးမြို့နယ်တွင် ယင်းချောင်းတံတားတို့ကိုလည်း စတင်ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း။

ရာသီမရွေး

တံတားများအပြင် ဧရာဝတီမြစ်အနောက်ဘက်ခြမ်းတွင် ပုသိမ်မြို့မှ မုံရွာမြို့အထိ (ပုသိမ်-မုံရွာ) မော်တော်ကားလမ်းမကြီးကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖောက်လုပ်ပေးနေကြောင်း၊ ပုသိမ်-မုံရွာလမ်းမကြီးမှာ စုစုပေါင်း ၄၅၂မိုင်၂ဖာလုံရှိပြီး၊ ပုသိမ်-ကွင်းကောက်-ဘက်ရဲ- ဥဿျှစ်ပင် အပိုင်း၊ ဥဿျှစ်ပင်-မင်းတုန်း-ပဒါန်း အပိုင်း၊ ပဒါန်း-ကဇွန်းမ အပိုင်း၊ ကဇွန်းမ-မြိုင်-ဝက်ခုတ် အပိုင်းနှင့် ဝက်ခုတ်-မြောက်ယမား-မုံရွာအပိုင်းဟူ၍ အပိုင်းလိုက် ဆောင်ရွက်ခဲ့ရာ ယခုဆိုလျှင် ကတ္တရာလမ်း ၁၉၆ မိုင် ၇ဖာလုံအထိရှိပြီး ဖြစ်ကြောင်း၊ ကျန်ရှိသည့်မြေလမ်း၊ အမာခံလမ်းများကို ကတ္တရာလမ်းအဆင့်အထိ တစ်ဆင့်ပြီး တစ်ဆင့် ဆက်လက် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ဤလမ်းတွင် သရုးချောင်း တံတားနှင့် မြောက်ယမားချောင်း တံတားတည်ဆောက်ပြီးလျှင် ပုသိမ်မှ မုံရွာအထိ ရာသီမရွေးသွားလာနိုင်မည် ဖြစ်ကြောင်း။

ယနေ့ဖွင့်လှစ်သည့် မဲဇလီတံတားမှာ ပုသိမ်-မုံရွာ လမ်းမကြီးပေါ်က ပဒါန်း-ကဇွန်းမ လမ်းအပိုင်းတွင် ရှိပြီး ၂၉-၈-၂၀၀၄ရက်က စတင်တည်ဆောက်ပေးခဲ့ကြောင်း၊ ပင်မတံတားမှာ တစ်လမ်းသွား ဘေလီကြိုးတံတားဖြစ်ပြီး အရှည် ပေ၄၀၀၊ ချဉ်းကပ်တံတားမှာ ပေ၅၄၀ အရှည်နှင့် နှစ်လမ်းသွား သံကူကွန်ကရစ် တံတားဖြစ်ပြီး၊ စုစုပေါင်းတံတားအရှည်ပေ ၉၄၀ ရှိကာ တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း တန် ၃၀ဖြစ်ကြောင်း။

ဖွံ့ဖြိုးတိုးတက်

ထို့ကြောင့် ဤပုသိမ်-မုံရွာ လမ်းမကြီးနှင့် တံတားများကို ဖြတ်သန်းပြီး ဧရာဝတီမြစ်အနောက်ခြမ်း မြန်မာပြည်တောင်ဘက်မှ မြောက်ဘက် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီမြစ်၏ အရှေ့ခြမ်းဒေသသို့ ခရီးမိုင်အတိုဆုံးနှင့် အချိန်တိုအတွင်း ဆက်သွယ် ကူးသန်းသွားလာနိုင်ပြီး လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် စီးပွားရေးတို့ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရ၏ စေတနာကို နားလည်သဘောပေါက်ပြီး တိုင်းရင်းသား ပြည်သူအားလုံးက စည်းလုံးညီညွတ်စွာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ပြီး တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားဖြစ်ထွန်းစေမည့် အမျိုးသားညီလာခံနှင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို အလေးအနက်ကြိုဆို ထောက်ခံရင်း ဆက်လက်လျှောက်လှမ်းသွားကြပါစို့ဟု ပြောကြားသည်။

အချိန်တိုအတွင်းသွားလာနိုင်

ထို့နောက် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေက အမှာစကား ပြောကြားရာတွင် မဲဇလီတံတား ဖွင့်လှစ်လိုက်သည့်အတွက် ပုသိမ်-မုံရွာ လမ်းမကြီးအတိုင်း ဧရာဝတီတိုင်း၊ ပဲခူးတိုင်းနှင့် စစ်ကိုင်းတိုင်းများသို့လည်းကောင်း၊ မင်းဘူး-အမ်းလမ်းမှတစ်ဆင့် ရခိုင်ပြည်နယ်သို့လည်းကောင်း၊ ဧရာဝတီတံတား (မကွေး) ကိုဖြတ်ကျော်၍ ဧရာဝတီမြစ်အရှေ့ဘက်ရှိ တိုင်းနှင့်ပြည်နယ်များသို့လည်းကောင်း ဒေသထွက်ကုန်များ လွယ်ကူလျင်မြန်စွာ ရောင်းဝယ်ဖောက်ကားနိုင်မည်ဖြစ်သကဲ့သို့ ခရီးသွား ပြည်သူများလည်း ဒေသတစ်ခုနှင့် တစ်ခုအကြား အချိန်တိုအတွင်း ကူးလူးဆက်သွယ် သွားလာနိုင်ကြတော့မည် ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရက ပြည်ထောင်စုတစ်ဝန်း ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးပြု လမ်း/တံတားများစွာကို တည်ဆောက် ပေးလျက်ရှိရာ ဒေသခံပြည်သူများက တည်ဆောက်ပြီး တံတားများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် မပျက်မစီးရအောင် ဝိုင်းဝန်း ထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူများကိုယ်စား ဒေသခံပြည်သူတစ်ဦးက တံတားကြီး တည်ဆောက် ဖွင့်လှစ်ပေးခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ မင်္ဂလာအချိန်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေတို့က မဲဇလီတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး အဖွဲ့ဝင်များ၊ ဒေသခံများနှင့်အတူ မင်္ဂလာမုခ်ဦးရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဖြတ်သန်းကြည့်ရှု

ထို့နောက် မဲဇလီတံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူးနှင့်အတူ ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးကာ တံတားကြီးပေါ်သို့ ဖြတ်သန်းကြည့်ရှုကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပွင့်ဖြူမြို့နယ်ရှိ မဲဇလီတံတားကို တွေ့ရစဉ်။ (သတင်းစဉ်)

မဲဇလီတံတား

မဲဇလီတံတား အမျိုးအစားမှာ လွှန်တူးဘိုးပိုင်သံကူကွန်ကရစ်အုတ်မြစ်၊ တံတားပေါ်တွင် တစ်လမ်းသွား ဘေလီကြိုးတံတားအရှည် ပေ၄၀၀နှင့် ချဉ်းကပ်တံတားမှာ နှစ်လမ်းသွား သံကူကွန်ကရစ်အရှည် ပေ ၅၄၀ရှိ၍ စုစုပေါင်း တံတားအရှည် ပေ ၉၄၀ဖြစ်ပြီး ယာဉ်တစ်စီးချင်းခံနိုင်ဝန်မှာတန်၃၀ဖြစ်သည်။

မဲဇလီတံတားမှာ ပုသိမ်-မုံရွာ လမ်း(မြောက်ပိုင်း)ရှိ အဓိကကျသည့် တံတားကြီးတစ်စင်းဖြစ်ပြီး ပဲခူးတိုင်း၊ ဧရာဝတီတိုင်းတို့မှ ခရီးသည်တင်ယာဉ်နှင့် ကုန်တင်ယာဉ်ကြီးများ၊ ဥဿျှစ်ပင်-ပဒါန်း-ကဇွန်းမမှ တစ်ဆင့် ချင်းပြည်နယ်နှင့် မန္တလေးတိုင်း ဒေသများသို့ ခရီးမိုင် အတိုဆုံးနှင့် ရာသီမရွေး ဆက်သွယ်သွားလာနိုင်ပြီးဧရာဝတီမြစ်၏ အနောက်ဘက်လမ်းဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကအထောက်အကူပြုကြောင်း သိရသည်။ **(သတင်းစဉ်)**

လွတ်လပ်ရေးနေ့ အဝိဋ္ဌာန်

* တိုင်းတစ်ပါးကို မလိုရန်ပွား
မပြုငြားတည့် အမျိုးသားစရိုက်
တစိုက်စိုက်စွဲ စဉ်မြဲထိန်းကာ
မြန်မာစိတ်ဓာတ် အကျင့်မြတ်၏
လွတ်လပ်ရေးနှင့် ပြည်ရေးချုပ်ခြာ
အာဏာတည်ရေး သည်အရေးကိုမူ
မည်သူကျူးကျော် စော်ကားမခံ
အားမာန်ဖွဲ့နှင့် လက်တွဲခုခံ
ဒို့တွန်းလှန်မည်
မြန်ပြည်စိတ်ဓာတ်မြင့်မြတ်သည်။

* ဒို့အရေးသုံးပါး ဦးထိပ်ထားလျက်
တိုင်းရင်းသားစုံညီ များပြည်သူတို့
ကြည်ဖြူလက်တွဲ အောင်ပွဲဆက်ပြန်
ညီလာခံက ချမှတ်ခဲ့သည့်
အခြေခံမည့်မူ တူညီရေးဆွဲ
အောင်ပွဲဆင့်ဆင့် ကြွားကြွားဝင့်ကာ
မြဲခိုင်မာသည့် မြန်မာ၏ဂုဏ်
ဖွဲ့စည်းပုံဥပဒေ ပေါ်ပေါက်စေရေး
ဦးတည်ပေးမည်
တက်ညီလက်ညီတွဲလက်ညီ။

* ဘယ်သူခွဲခွဲ ဒို့မကွဲပါ
စဉ်မြဲလေးထား
တိုင်းရင်းသားစည်းလုံးညီညွတ်ရေး။

* ဘယ်သူဖျက်ဖျက် ဒို့မပျက်ပါ
တိုးတက်ခေတ်မီ
ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေး။

* ဘယ်သူခြောက်ခြောက် ဒို့မကြောက်ပါ
မူဝါဒလမ်းစဉ်
(၇)ရပ်တွင် အောင်မြင်ရေး
ပူးပေါင်းပါဝင်ဆောင်ရွက်ပေး။ ။

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုလျက်-

ပိုးရန်နိုင် (ကျောက်ကြီး)

ဘာသာရပ်ဆိုင်ရာ ပညာရှင်များ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI) ၏ ပြန်ကြားရေးနှင့် သတင်းနည်းပညာမြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ က ကြီးမှူး၍ Promised Land Trading Co. ၏ ပံ့ပိုးကူညီမှုဖြင့် ဘာသာရပ်ဆိုင်ရာ ပညာရှင်များ ဟောပြောပွဲ(၄/၀၇-၀၉)ကို ဇန်နဝါရီ ၅ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ်၂၉ UMFCCI Officer Tower ပထမထပ် မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဂျပန်နိုင်ငံ Kobe University ၏ ဧည့်ပါမောက္ခနှင့် ရန်ကုန် စီးပွားရေးတက္ကသိုလ် အငြိမ်းစား ပါမောက္ခ ဒေါက်တာတင်စိုးက **"ဖွံ့ဖြိုးမှု သီအိုရီများနှင့် Globalization တို့နှင့် ပတ်သက် ဆက်စပ်၍ မြန်မာ့အစဉ်အလာ အယူအဆအချို့ကို စီးပွားရေးအရ အဓိပ္ပာယ်ဖွင့်ဆို သုံးသပ်ချက်"** ခေါင်းစဉ်ဖြင့် ဟောပြောမည် ဖြစ်ကြောင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များ နှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများမှ အမှုဆောင်များ၊ အသင်းဝင်များနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်္ဂပူမြို့နယ်၌ စာပေဟောပြောမည်

ရန်ကုန် ဇန်နဝါရီ ၂

ဧရာဝတီတိုင်း ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ အင်္ဂပူမြို့နယ် စာပေဟောပြောပွဲ ကျင်းပရေးကော်မတီ၏ဦးဆောင်မှုဖြင့် အင်္ဂပူမြို့နှင့် မဲဇလီကုန်းမြို့တို့တွင် ဇန်နဝါရီ ၄ရက်နှင့် ၅ရက်တို့၌ စာဆိုတော်နေ့အထိမ်းအမှတ် စာပေအနုပညာနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကျင်းပမည်ဖြစ်ရာ ရန်ကုန်မြို့မှ အမျိုးသားစာပေဆုရ စာရေးဆရာချစ်ဦးညို၊ စာရေးဆရာကျော်ဝင်း၊ စာရေးဆရာမဒေါက်တာနိုက်တင်ဂေးလ်(ခ)ယဉ်မင်းဦး(ဆေးတက္ကသိုလ်)တို့က ဟောပြောကြမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

စွမ်းအင်ဝန်ကြီးဖလား ကျေးရွာ/ရပ်ကွက်ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂

၂၀၀၇-၂၀၀၈ခုနှစ် စွမ်းအင်ဝန်ကြီးဖလား စတုတ္ထအကြိမ် ကျေးရွာနှင့် ရပ်ကွက်ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်က ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် အောင်ဆန်းသူရိယလှသောင်း မိုးလုံလေလုံ အားကစားခန်းမတွင် ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိန်တင်ဝင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ပြိုင်ပွဲဝင် အသင်းများမှ အားကစားသမားများ တက်ရောက်ကြသည်။

ယှဉ်ပြိုင်

ထို့နောက် ပွဲဦးထွက်ပွဲစဉ်အဖြစ် သုံးခွအသင်းနှင့် တော်ကူးအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။ အဆိုပါပြိုင်ပွဲသို့ ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများမှ အသင်း ၁၂သင်း ယှဉ်ပြိုင်ကစားကြပြီး ပြိုင်ပွဲများကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**



မိဘနှစ်ပါးဖြစ်သော ဦးသာလှ-ဒေါ်ကြည်ကြည်တို့အား ရည်စူး၍ ရန်ကုန်တိုင်းဗဟန်းမြို့နယ် ရေတာရှည် လမ်းဟောင်း အမှတ် ၁၅၁ (H) နေ သားထွေး ဦးတင်အောင်လှ-ဒေါ်ခင်နွယ်နွယ်ထွန်း၊ မြေး-မောင်ဟိန်းလင်းလက် မိသားစုတို့က ဒဂုံမြို့နယ် အမှတ် ၁၂ စကားဝါလမ်း မင်းကွန်းတိပိဋက ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို အနုနာယက ဆရာတော်ဘဒ္ဒန္တနန္ဒကထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တီ=နီ(ရန်ကုန်ဌာန) ဥက္ကဋ္ဌ ဦးကျော်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

စွယ်တော်မြတ်စေတီတော်(မန္တလေး)
ရွှေကြာသက်န်းလှူဒါန်းပူဇော်ပွဲနှင့် ဗုဒ္ဓပူဇနီယပွဲတော် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ တက်ရောက်ဖွင့်လှစ်ပေး

နေပြည်တော် ဇန်နဝါရီ ၂

မန္တလေးတိုင်း အမရပူရမြို့နယ် မဟာဓမ္မရံသီကုန်းတော်မြတ်၌ တည်ထားကိုးကွယ်လျက်ရှိသော စွယ်တော်မြတ်စေတီတော်(မန္တလေး)၏ ဒွါဒသမအကြိမ် ရွှေကြာသက်န်း ရက်လုပ်လှူဒါန်းပူဇော်ပွဲနှင့် ဗုဒ္ဓပူဇနိယပွဲတော်ကို ဒီဇင်ဘာ ၂၇ရက် ည ၆နာရီက စွယ်တော်မြတ်စေတီတော် (မန္တလေး)အရှေ့ဘက် ရင်ပြင်တော်၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ တက်ရောက်၍ ရွှေကြိုးဖြတ် ဖွင့်လှစ်ပြီး အမှာစကား ပြောကြားသည်။

ရှေးဦးစွာ စွယ်တော်မြတ်စေတီတော်(မန္တလေး) ရွှေကြာသင်္ကန်းတော် ရက်လုပ်လှူဒါန်း ပူဇော်ပွဲ အခမ်းအနားကို တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေက ရွှေကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ တိုင်းမှူးက အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းမှူး၊ဇနီးနှင့် အဖွဲ့ဝင်များသည် စွယ်တော်မြတ်စေတီတော် ဂန္ဓကုဋိတိုက်အတွင်းရှိ ဓမ္မစက္က မုဒြာဘုရားနှင့် စွယ်တော်မြတ်တို့အား ပန်း၊ ဆီမီး၊ ရေချမ်း၊ သစ်သီးတို့ ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုကြပြီး စေတီတော်ရင်ပြင် အရှေ့မြောက်ထောင့် နှင့် အရှေ့တောင်ထောင့်တို့တွင် ဆီမီးများကို ထွန်းညှိပူဇော်ကြသည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူး၊ဇနီးနှင့် အဖွဲ့ဝင်များသည် ရက်ကန်းပညာရှင်များဖြစ်သော အမရပူရမြို့နယ် ရေကြည်ပေါက်ကျေးရွာမှ မဟာမာယာဒေဝီ၊ မဟာပဇာပတိဂေါတမီ၊ ယသော်ရော၊ ဝိသာခါ၊ ခေမာ၊ သုဇာတာ၊ ဇနပဒကလျာနီ၊ သာမာဝတီနှင့် ဉပ္ပလဝဏ်စင်တော်များမှ ရွှေကြာသင်္ကန်း ရက်လုပ်နေမှုများကို လည်းကောင်း၊ မန္တလေးကဇာတ်ဌာနခွဲမှ သီဆိုဖျော်ဖြေကြသူများကိုလည်းကောင်း ကြည့်ရှုအားပေးပြီး ဂုဏ်ပြုငွေများ ချီးမြှင့်ပေးအပ်သည်။

အနေကဇာတင်

ဆက်လက်၍ စွယ်တော်မြတ်စေတီတော်(မန္တလေး) ဒွါဒသမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ၊ ရွှေကြာသင်္ကန်းကပ်လှူပွဲနှင့် ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်ပွဲကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၆ နာရီက စွယ်တော်မြတ်စေတီ (မန္တလေး) ဂန္ဓကုဋိတိုက်အတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းမှူး၊ဇနီးနှင့် အဖွဲ့ဝင်များသည် ဂန္ဓကုဋိတိုက်အတွင်း ကိန်းဝပ်စံပယ်တော်မူသည့် မုဒြာကိုးမျိုး၊ ဆင်းတုတော်ကိုးဆူအား ဆွမ်း၊ ရေချမ်း၊ ပန်းများကပ်လှူပူဇော်ကြသည်။

ထို့နောက် တိုင်းမှူး၊ဇနီးနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာအခမ်းအနားကိုကျင်းပရာ ဆရာတော် သံဃာတော်အရှင်သူမြတ်တို့က စွယ်တော်မြတ် စေတီတော်နှင့် ဗုဒ္ဓရုပ်ပွား ဆင်းတုတော်များအား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ချီးမြှင့်တော်မူ

ဆက်လက်၍ တိုင်းမှူး၊ ဇနီးနှင့် ပရိသတ်တို့က ဝါဆိုကျောင်း ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ပွား သရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ကပ်လှူပူဇော်

ထို့နောက် တိုင်းမှူးဗိုလ်မှူးချုပ်တင်ငွေ၊ ဇနီးနှင့် အလှူရှင်များက မုဒြာကိုးမျိုး ရုပ်ပွားဆင်းတုတော်များနှင့် စွယ်တော်မြတ် စေတီတော်အား ရည်မှန်း၍ ဆရာတော်ကြီးများအား ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ တိုင်းမှူး၊ ဇနီးနှင့် အလှူရှင်များသည် ရွှေကြာသင်္ကန်းများကို ကိုင်ဆောင်၍ စွယ်တော်မြတ်အား လက်ယာရစ် လှည့် လည်ပူဇော်ပြီး မုဒြာကိုးမျိုး ဗုဒ္ဓရုပ်ပွား ဆင်းတုတော်များနှင့် စွယ်တော်မြတ်တို့အား ရွှေကြာသင်္ကန်းများ လွှမ်းခြုံ ကပ်လှူပူဇော်ကြသည်။ **(အပေါ်ဝဲပုံ) (သတင်းစဉ်)**

ပန္နက်ရိုက်

ဒဂုံမြို့သစ် (အရှေ့ပိုင်း) အမှတ်(၈)ရပ်ကွက် သာသနရက္ခိတ ဓမ္မာရုံ ပြန်လည်တည်ဆောက်ရန်အတွက် ပန္နက်တော်တင် မင်္ဂလာအခမ်းအနားကို အဆိုပါမြေနေရာ၌ ဒီဇင်ဘာ ၂၅ ရက် နံနက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင့်ကျော်လွင်က ပန္နက်ရိုက်ပေးစဉ်။ (က-ပ)

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ e-Government အထောက်အကူပြုသင်တန်း (၃/၂၀၀၇) သင်တန်းဆင်းပွဲနှင့် ကွန်ပျူတာပစ္စည်းများ ပေးအပ်ပွဲကို ဒီဇင်ဘာ ၂၈ ရက်က ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့် အထွေထွေမန်နေဂျာ ဦးမောင်မောင်လွင်တို့က ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို ပေးအပ်ရာ သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက လက်ခံယူစဉ်။ (ပို့ဆောင်ရေး)

ဒို့ကျေးရွာဂျာနယ် အတွဲ(၅)၊ အမှတ်(၁)ထုတ်ဝေ

ရန်ကုန် ဇန်နဝါရီ ၂

ဒို့ကျေးရွာဂျာနယ် အတွဲ(၅)၊ အမှတ်(၁)ကို ဇန်နဝါရီ ၁ ရက်တွင် ထုတ်ဝေလိုက်ပြီဖြစ်သည်။ **(ယာပုံ)**

ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် မိုင် ၃၀ စိမ်းလန်းစိုပြည်ရေးမှ ပေးသောအမွေ၊ ဆန်စျေးနှုန်း တည်ငြိမ်၍ စပါးပိုထွက်နိုင်၊ ပြည်တွင်းဖြစ် ရွက်ဖျန်းမြေသြဇာ၊ အထွက်ကောင်းမြေပဲမျိုးတိုးချဲ့စိုက်ပျိုး၊ စျေးကွက်ဝင် ရော်ဘာစီးပွားဖြစ်စိုက်ပျိုး၊ အမယ်သစ်သီးနှံ လက်ဖက်စသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ စာလေးတစ်စောင်၊ ကြိုးနှင့်နွားအဆင်တန်ဆာများ၊ အသားစားကြက် စီးပွားဖြစ်မွေးမြူနည်း၊ ကြက်ကျောက်ရောဂါ၊ မေထုန်မဲ့သားစပ်ခြင်း စသည့် မွေးမြူရေးဆောင်းပါးများ၊ ပိစပ်ပညာဖြန့်ပေးစမ်းပါဦး ဒကာ၊ တွဲဖက်၍ မစားသင့်သော အစာများ၊ အရောင်ဆိုးထားသည့် အစားအစာများ၊ ဆေးဖက်ဝင် ကွမ်းရွက်စသည့် ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ လူထုအတွက်လား လူတစ်စုအတွက်လား၊ အောင်ပန်းမြို့မှ မက်မွန်နှင့် မက်မန်းစသည့် အသိပညာပေးဆောင်းပါးများ၊ လုပ်ရတော့ညာလက် ရွှေဝတ်ရတော့ဘယ်လက်၊ ယခင်က ကျွန်တော်လူပျင်း ယခုတော့ စသည့် ဝတ္ထုတိုများအပြင် ပုံပြင်၊ ဟာသ၊ ကာတွန်း၊ ကဗျာ၊ မြန်မာ့ဗီဒီယို ဇာတ်လမ်းများ၊ သတင်းအတိုအထွာများဖြင့် သုတ၊ ရသ စုံလင်စွာ ဝေဝေဆာဆာ ဖော်ပြထားသည်။

ဝယ်ယူနိုင်

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ ဝါမိုးအောင် စာအုပ်ဆိုင်တို့တွင် တစ်စောင်လျှင်ငွေကျပ် ၁၅၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

ပေးပို့နိုင်

ဒို့ကျေးရွာ ဂျာနယ်အတွက် စာမူနှင့် ကြော်ငြာများကို အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၃၄၀ နှင့် ၃၇၁၃၄၂ တို့သို့ ဆက်သွယ် ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဌာန်းတရားတော် ပစ္စယနိဒ္ဒေသသင်တန်း ပို့ချမည်

ရန်ကုန် ဇန်နဝါရီ ၂

နှစ်စဉ်ပို့ချမြဲ ပဌာန်းတရားတော် ပစ္စယနိဒ္ဒေသသင်တန်းနှင့် ပါဠိစာပေသင်တန်းများကို ဇန်နဝါရီ ၅ ရက် (စနေနေ့)မှစ၍ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ပို့ချပေးသွားမည်ဖြစ်ပြီး ပဌာန်းတရားတော် ပစ္စယနိဒ္ဒေသသင်တန်းကိုမွန်းတည့် ၁၂ နာရီမှမွန်းလွဲ ၂ နာရီအထိလည်းကောင်း၊ ပါဠိစာပေသင်တန်းများကို မွန်းလွဲ ၂ နာရီ ၁၅ မိနစ်မှညနေ ၄ နာရီအထိလည်းကောင်း၊ သာသနာရေးဝန်ကြီးဌာန အဘိဓမ္မာဝိသုဒ္ဓိမဂ်နှင့် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်း (သင်တန်းမှူး) ဆရာတော် ဘဒ္ဒန္တဝါယမသာရ သာသနဓဇ ဓမ္မာစရိယ M.A(Q)မဟာဂန္ထဝါစက ပဏ္ဍိတ ဝိနယပိဋက၊ ဥဘတောဝိဘင်္ဂဓရနှင့် ဘဒ္ဒန္တဇောတိက သာသနဓဇ ဓမ္မာစရိယ ဝိနယပိဋက ဥဘတောဝိဘင်္ဂဓရ သင်တန်းနည်းပြဆရာများက ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာ ဓမ္မသဘင် သင်တန်းခန်းမဆောင်ကြီး၌ ဓမ္မဒါနအဖြစ် သင်ကြားပို့ချပေးသွားမည်ဖြစ်ရာ မည်သူမဆို တက်ရောက်သင်ယူနိုင်သည်။ တက်ရောက်လိုသူများ ဖုန်း-၅၄၇၀၂၉၊ ၆၆၅၄၆၇၊ ၆၆၆၁၄၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ရန်ကင်းစာပေနှင့်စာနယ်ဇင်းအဖွဲ့ စည်းဝေး

ရန်ကုန် ဇန်နဝါရီ ၂

ရန်ကင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ၂၀၀၇ ခုနှစ် နှစ်ပတ်လည်လုပ်ငန်းဆိုင်ရာ အစည်းအဝေးကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၉ နာရီက ရန်ကင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ သဘာပတိအဖြစ် ရန်ကင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်အောင်ရွှေ (တင်အောင်ရွှေ၊ သုတေသီ) က အမှာစကားပြောကြားပြီး မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ၂၀၀၇ ခုနှစ် အစီရင် ခံစာကို မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးလှတိုး(တိုးထက်) က လည်းကောင်း၊ ၂၀၀၇ ခုနှစ် ငွေစာရင်းရှင်းတမ်းကို ဘဏ္ဍာရေးမှူးဒေါ်ဝင်းစိန် (မအေးချမ်း)ကလည်းကောင်း ဖတ်ကြားကြသည်။ ထို့နောက် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်နှစ်ဦးမှ လှူဒါန်းသော အလှူငွေများကို အလှူရှင်များကိုယ်စား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုအောင်က ပေးအပ်လှူဒါန်းရာ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်အောင်ရွှေ (တင်အောင်ရွှေ-သုတေသီ)က လက်ခံယူသည်။ **(ဝဲပုံ)** **(က-ပ)**

မြန်မာ့အလင်း လိုတိုရှင်း သတင်းများ

အဘိဓမ္မာဝိသုဒ္ဓိမဂ်စာမေးပွဲ

အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကို ဂန့်ဂေါခရိုင် ဆောမြို့ ရွှေစိုင်မြင်ဘုရား ဓမ္မာရုံ၌ ဒီဇင်ဘာ ၁၄ ရက်၊ ၁၅ ရက်နှင့် ၁၆ရက်တို့က ကျင်းပရာ အဘိဓမ္မာ ရိုးရိုးပထမဆင့် ၁၄ ဦး၊ ဒုတိယဆင့် ၂၃ဦးနှင့် တတိယဆင့် လေးဦးတို့ ဝင်ရောက်ဖြေဆိုကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အထက(၁) ဒဂုံ အာစရိယပူဇော်ပွဲ

ယခင်မက်သဒစ် အင်္ဂလိပ်ဟိုက်စကူး(MEHS)နှင့် အထက(၁)ဒဂုံ ကျောင်းတို့တွင် ၁၉၅၄ခုနှစ်မှ ၁၉၇၈ ခုနှစ်အတွင်း ပညာသင်ကြားခဲ့သည့် ကျောင်းသား ကျောင်းသူဟောင်းများ ပြန်လည်ဆုံစည်း၍ ဆရာကြီး ဆရာမကြီးများအား ဖေဖော်ဝါရီ၂ရက်(စနေနေ့)နံနက်၉နာရီတွင် အထက(၁)ဒဂုံ ဒဂုံသီရိခန်းမ၌ ပူဇော်ကန်တော့ကြမည် ဖြစ်ရာ ဦးကျော်မောင် ဖုန်း-၂၂၄၄၉၀၊ ဦးရဲမြင့် ဖုန်း-၀၉-၅၀-၀၈၇၅၀၊ ဦးစိုးညီညီ ဖုန်း-၀၉-၅၀-၁၉၆၄၃၊ ဦးထူးအောင်ကြီး ဖုန်း-၀၉-၅၁-၂၁၈၁၈၊ ဒေါ်ခင်သန်းမူ ဖုန်း-၅၄၁၈၅၄၊ ဒေါ်စန်းစန်း ဖုန်း-၀၉-၅၀-၁၇၁၉၆၊ ဒေါ်ခင်မြင့်ခိုင် ဖုန်း-၀၉-၉၉-၂၄၅၇၄၊ ဒေါ်တင်မေလွင် ဖုန်း-၅၅၄၀၃၉၊ ဒေါ်တင်လှမြင့် အထက(၁)ဒဂုံ၊ ဒေါ်ရီစလင်းလှ ဖုန်း-၅၆၆၆၅၂နှင့် ဒေါ်ဝေမာဝင်း ဖုန်း-၀၉-၈၀-၃၂၂၂၁တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မင်္ဂလာဈေး ဓမ္မာရုံ တရားပွဲကျင်းပမည်

အင်းစိန်မြို့နယ် အောင်ဆန်းမြို့ တောရတပ်ဦးကျောင်းတိုက် ပြည်တွင်းပြည်ပ သာသနာပြု မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ အရှင်သူမြတ်သည် ဇန်နဝါရီ ၅ရက်နှင့်၆ရက်တို့တွင် ဗဟန်းမြို့နယ် ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်အနီး ကြေးသွန်းဘုရားကြီးရှေ့ ကြားတောရလမ်း မင်္ဂလာဈေးဓမ္မာရုံတွင် ခန္ဓာဉာဏ်ရောက် ဝိပဿနာတရားပွဲကို ညစဉ် ၇နာရီမှစတင်၍ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

တွံတေး အထက မြတ်ဆရာပူဇော်ပွဲ

တွံတေး အထကတွင် ပညာသင်ကြားပေးခဲ့သော အငြိမ်းစား ဆရာ၊ဆရာမကြီးများအား (၁၆)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို အဆိုပါကျောင်းရှိ ယုဇနခန်းမ၌ ဇန်နဝါရီ ၁၃ရက် နံနက် ၉နာရီတွင် ကျင်းပမည် ဖြစ်ရာ ဒေါ်သင်းသင်း ဖုန်း-၀၁-၅၆၅၈၈၁၊ ဒေါက်တာသိန်းဇော်မြင့် ဖုန်း-၀၄၅-၉၀၀၀၉၊ ဦးဘမြင့် ဖုန်း-၀၄၅-၅၀၁၈၇၊ ဦးခင်ဝင်း (မြို့နယ်ပညာရေးမှူးရုံး) ဖုန်း-၀၄၅-၅၀၄၄၇၊ ဦးထွန်းဝေ ဖုန်း-၀၄၅-၅၀၁၉၅၊ ဦးမင်းနိုင် ဖုန်း-၀၄၅-၅၀၀၂၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဖလမ်း၌ ရေပိုက်လိုင်းပြုပြင်

ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ဖလမ်းမြို့ပေါ် သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေးအတွက် ပင်မပိုက်လိုင်းများ အဆက်မပြတ် ပြုပြင်ဆောင်ရွက်လျက်ရှိရာ ဖလမ်းမြို့မှ လေးမိုင်ကွာဝေးသည့် ရိဒ်လမ်းခွဲနေရာ၌ ပျက်စီးသွားသော ပင်မလေးလက်မပိုက်လိုင်း အစားထိုး ပြုပြင်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးထလာဟရဲ၏ ဦးဆောင်မှုဖြင့် ဒီဇင်ဘာ ၁၈ရက်က ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

အထက(၃)ဘားအံ မြတ်ဆရာပူဇော်ပွဲ

ဘားအံမြို့ အထက(၃) (ယခင် အလက-၁)ကျောင်းတော်ကြီး၏ မြတ်ဆရာပူဇော်ပွဲနှင့် ကျောင်းသား ကျောင်းသူများ တွေ့ဆုံပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့) နံနက် ၉နာရီတွင် အထက(၃) ဖွဲ့မာန်အားကစားရုံ၌ ကျင်းပမည်ဖြစ်ရာ ဆက်သွယ်လှူဒါန်းလိုသူများ ဒေါ်ခင်လှဝေ (အထက-၃ ကျောင်းအုပ်ဆရာမကြီး) ဖုန်း-၀၅၈-၂၁၄၆၅၊ ဦးအောင်ချစ် ဖုန်း-၀၅၈- ၂၂၄၃၇၊ ၂၂၄၇၅၊ ဦးဝင်းထိန် ဖုန်း-၀၅၈-၂၁၈၀၇၊ဦးစောမင်းအောင်စိုး ဖုန်း-၀၅၈-၂၁၅၆၁၊ မမျိုးမျိုးကျော် ဖုန်း-၀၅၈-၂၂၁၄၂နှင့် ဦးမန်းစိုးဝင်းတင် ဖုန်း-၀၅၈-၂၁၁၇၇ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ကျေးလက်ရေရရှိရေးဆောင်ရွက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)နမ္မတူမြို့နယ်ရှိ မန်တုံကျေးရွာနှင့် မိုင်းမှ ကျေးရွာများ၌ ရေရရှိရေးအတွက် စိမ့်စမ်းရေသွယ်ခြင်း လုပ်ငန်းများကိုအငယ်တန်းအင်ဂျင်နီယာဦးဇော်မင်းထွန်း နိုဝင်ဘာ ၃၀ရက်က ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အထက(၂)မင်္ဂလာဒုံ အာစရိယပူဇော်ပွဲ

အထက(၂) မင်္ဂလာဒုံ (အောင်ဆန်းသူရိယလှသောင်းကျောင်း) တွင် ၁၉၇၂ခုနှစ်မှ ၂၀၀၇ခုနှစ်အထိ ပညာသင်ကြားခဲ့ကြသော ကျောင်းသားကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက်အာစရိယပူဇော်ပွဲကို ဇန်နဝါရီ၄ရက် (လွတ်လပ်ရေးနေ့) နံနက် ၉နာရီတွင် အထက(၂)မင်္ဂလာဒုံ (လှသောင်းခန်းမ)၌ကျင်းပမည်ဖြစ်ပြီး ဆရာ ဆရာမဟောင်းများ၊ လက်ရှိဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူဟောင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြရန်နှင့် အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းလိုပါက အထက (၂) ကျောင်း ဖုန်း-၆၃၅၃၈၅သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

နှစ်(၆၀)ပြည့်လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြု

ခေတ်ဟောင်းသတင်းစာများက ဖော်ပြခဲ့သော မြန်မာ့လွတ်လပ်ရေးပုံရိပ်လွှာ

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းမှု-ထိန်လင်း

ရန်ကုန် ဇန်နဝါရီ ၂

သတင်းစာဟူသည် ခေတ်တစ်ခေတ်၏ ကြေးမုံဖြစ်သည်။ ထိုခေတ်၏ သမိုင်းမှတ်တိုင်လည်း ဖြစ်သကဲ့သို့ ခေတ်သမိုင်းကို အထင်ရှားဆုံးညွှန်ပြနိုင်သည့် ပြယုဂ်တစ်ခုလည်းဖြစ်သည်။

အသွင်အပြင်

မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက်က ထုတ်ဝေခဲ့သော သတင်းစာများသည် ထိုခေတ်၊ထိုအချိန်က နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အနုပညာနှင့် စာပေပုံရိပ်များ ထင်ဟပ်ခဲ့သည်ချည်းဖြစ်သည်။ ထို့ကြောင့် လွန်ခဲ့သော နှစ်၄၀ကျော်က မြန်မာနိုင်ငံတွင် ထုတ်ဝေခဲ့သည့် သတင်းစာများမှ လွတ်လပ်ရေးနေ့၌ အထူးထုတ်ဝေခဲ့သော သတင်းစာအချို့၏ အသွင်အပြင်ကို လေ့လာခဲ့သည်။

သတင်းစာဟူသည် ခေတ်တစ်ခေတ်၏ ကြေးမုံဖြစ်သည်။ ထိုခေတ်၏ သမိုင်းမှတ်တိုင်လည်း ဖြစ်သကဲ့သို့ ခေတ်သမိုင်းကို အထင်ရှားဆုံးညွှန်ပြနိုင်သည့် ပြယုဂ်တစ်ခုလည်းဖြစ်သည်။

ထိုသို့ လေ့လာခဲ့ရာတွင် ၁၉၆၀ပြည့်နှစ်က လွတ်လပ်ရေးနေ့ အထူးထုတ်အဖြစ် ထုတ်ဝေခဲ့သော“ဟံသာဝတီ” သတင်းစာ၏ အသွင်အပြင်၌ မျက်နှာဖုံးတွင် လွတ်လပ်ရေးဟူသော ခေါင်းလောင်းကြီးကို ခေါင်းလောင်းထိုးနေပုံ မျက်နှာပြည့်ဖော်ပြထားသည်။ ခေါင်းလောင်းသံတွင်လည်း **“လွတ်လပ်ရေး အခွန့်ရှည်ကြာစွာ တည်မြဲပါစေသောဝ်”** ဟူသော စာသားဖြင့် ထင်သာမြင်သာ ဖော်ပြထားသည်။

အဓိပ္ပာယ်

နိုင်ငံတော်အလံကို နောက်ခံထားပြီး လွတ်လပ်ရေး ခေါင်းလောင်းကြီးအား ခေါင်းလောင်းထိုးနေပုံမှာ အဓိပ္ပာယ်ပြည့်ဝသလို သတင်းစာဖတ်သူကို ထင်းခနဲနေအောင် ထင်သာမြင်သာ ဖြစ်စေသည်။ မျက်နှာဖုံးအောက်ခြေ၌ အရုဏ်တက်စအချိန်တွင် အားမာန်သစ်ဖြင့် ရေကြောင်းခရီးသွားတစ်ဦး၏ မာန်ဝင့်နေပုံ၊ နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်သင်္ဘောများကို မြင်တွေ့ရသည်မှာ လွတ်လပ်ရေး အခွန့်ရှည်တည်မြဲအောင် ကြိုးစားရမှု၊ လွတ်လပ်သောနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်များကို တွေ့မြင်ခဲ့ရသည်။

ထို့အတူ ၁၉၆၅ခုနှစ် လွတ်လပ်ရေးနေ့ အထူးထုတ်ဝေသော **“ရန်ကုန်”** နေ့စဉ်သတင်းစာ၏မျက်နှာဖုံးတွင်လည်း လွတ်လပ်ရေးကျောက်တိုင်၊ လွတ်လပ်ရေးနေ့၌ နိုင်ငံတော်အလံကို အလေးပြုနေကြပုံ၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများရပ်ပုံ၊ လွတ်လပ်ရေးတိုက်ပွဲနှင့် နယ်ချဲ့တို့ဖိနှိပ်ခဲ့ပုံများကို ပန်းချီဆရာဦးဗကလေးက လက်စွမ်းပြအမွှမ်းတင် ရေးဆွဲထားသည်ကို မျက်နှာဖုံးစာမျက်နှာ အပြည့် ဖော်ပြထားသည်ကို တွေ့ရသည်။

ဂုဏ်ပြုထား

သတင်းစာ အတွင်းစာမျက်နှာများတွင်လည်းလွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲများ၊ ဖွံ့ဖြိုးတိုးတက်မှု ပုံရိပ်များ၊ ဆောင်းပါးနှင့်ကဗျာများကို ဝေဝေဆာဆာ ထည့်သွင်းဂုဏ်ပြုဖော်ပြထားသည်ကို တွေ့မြင်ရသည်။ တစ်ဖန် **“အထောက်တော်”**သတင်းစာ၏လွတ်လပ်ရေးနေ့ အထူးထုတ် သတင်းစာ မျက်နှာဖုံးတွင်လည်းလွတ်လပ်ရေးနေ့၌ မြန်မာအမျိုးသမီးတစ်ဦး၏ အေးအေးလူလူ ထိုင်နေပုံကို မျက်နှာဖုံးပြည့် ဖော်ပြထားသည်။ လွတ်လပ်ရေးနေ့ ညဘက် မီးရောင်စုံများ ထွန်းထားမှုနှင့်လွတ်လပ်ရေးကြောင့် စိတ်လက်ချမ်းသာစွာ နေထိုင်ရမှုကို ဖော်ညွှန်းထားခြင်းဖြစ်သည်။

အတွင်းစာမျက်နှာ၌ တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် လက်တွဲတိုက်ပွဲ ဝင်ခဲ့သောကြောင့် လွတ်လပ်ရေးရရှိခဲ့ပုံကို သတင်းဓာတ်ပုံ၊ဆောင်းပါးနှင့် ကဗျာများဖြင့် ဝေဆာစွာ ဖော်ပြပေးထားရာ ထိုခေတ်ထိုအခါက သတင်းစာတို့၏ လွတ်လပ်ရေးနေ့ ရုပ်ပုံလွှာကို မြင်တွေ့ရသည်။

နိုင်ငံတော်အလံလွှင့်ထူ

စိတ်ဝင်စားစရာကောင်းသည်မှာ ၁၉၄၈ခုနှစ် ဇန်နဝါရီ ၄ရက်၌ မြန်မာနိုင်ငံ လွတ်လပ်ရေးစတင်ရရှိခဲ့ချိန်တွင် ယူနီယံဂျက်အလံကိုချကာ မြန်မာနိုင်ငံတော်အလံကို လွှင့်ထူနေသည့် မြင်ကွင်းဓာတ်ပုံပင်ဖြစ်သည်။

ထိုလွတ်လပ်ရေးနေ့ အလံတင်အခမ်းအနား ဓာတ်ပုံကို ထိုခေတ် ထိုအခါက ထုတ်ဝေခဲ့သော သတင်းစာများ၏ မျက်နှာဖုံးတွင် အပြည့်ဖော်ပြခဲ့ကြသည်။

ထိုခေတ်ထိုအခါက ထုတ်ဝေခဲ့သော သတင်းစာများသည် လွတ်လပ်ရေးရယူရာတွင် တိုင်းရင်းသားအားလုံး တက်တက်ကြွကြွ ပါဝင်ခဲ့သလိုလွတ်လပ်ရေးရပြီးနောက်ပိုင်း လွတ်လပ်ရေး ပြန်လည်မဆုံးရှုံးရအောင် ကာကွယ်စောင့်ရှောက်ရာတွင်လည်း တိုင်းရင်းသားအားလုံး စုစုစည်းစည်း သိုက်သိုက်ဝန်းဝန်းဖြင့် လက်တွဲကာထိန်းသိမ်းကာကွယ်ကြရန်လိုအပ်ပုံများကို ဆောင်းပါး၊ သတင်း၊ ဓာတ်ပုံနှင့် ကာတွန်းပုံတို့ဖြင့် ဝေဝေဆာဆာဖော်ပြထားခဲ့သည်။

လွတ်လပ်ရေးထိန်းသိမ်း

ထို့ကြောင့် ခေတ်အဆက်ဆက်က ထုတ်ဝေခဲ့သော သတင်းစာများသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အရေးကြီးမှုကို ဖော်ပြခဲ့သလို လွတ်လပ်ရေးထိန်းသိမ်းကာကွယ်မှုကိုလည်း သတင်းစာများတွင် အထင်အရှား ဖော်ပြပေးခဲ့ပါကြောင်း။ ။

(မြန်မာ့အလင်း)

၁၉၄၈ခုနှစ် ဇန်နဝါရီ ၄ရက်နံနက်က မြန်မာ့လွတ်လပ်ရေးရရှိခဲ့သည့် ပထမဆုံး နိုင်ငံတော်အလံတင်အခမ်းအနား မြင်ကွင်း...။

၁၉၆၅ခုနှစ် ဇန်နဝါရီ ၄ရက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ထုတ်ဝေခဲ့သော ရန်ကုန်နေ့စဉ် သတင်းစာ၏ မျက်နှာဖုံးတွင် ပန်းချီဆရာ ဦးဗကလေး၏ လက်ရာကို ဤသို့တွေ့နိုင်သည်။

၁၉၆၀ပြည့်နှစ်က လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ထုတ်ဝေခဲ့သည့် ဟံသာဝတီ သတင်းစာ၏ မျက်နှာဖုံးတွင် ဤသို့ဖော်ပြခဲ့သည်။

The Working People's Daily သတင်းစာ၏ ၁၉၆၉ခုနှစ် လွတ်လပ်ရေးနေ့ အထူးထုတ် စာမျက်နှာကို ဤသို့တွေ့ရသည်။

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အကြို ဂုဏ်ပြု

၂၀၀၇ခုနှစ် မေ ၂၅ရက်က ဖွင့်လှစ်ခဲ့သော နိုင်ငံတကာအဆင့်မီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အဆောက်အအုံသစ်ကို ဤသို့ထည်ဝါစွာ တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

၂၀၀၇ ခုနှစ်အတွင်း နိုင်ငံတစ်ဝန်း ပို့ဆောင်ရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းမှုမှတ်တမ်း

စဉ်	အမည်	လမ်းအရှည်	တည်နေရာ	ဖွင့်လှစ်သည့်နေ့
၁။	**ရထားလမ်း**			
	–ကျော–ရေမျက်နီလမ်း	၇မိုင်ခန့်	မကွေးတိုင်း ဂန့်ဂေါမြို့နယ်	၂၇–၁–၂၀၀၇
	–ဒိုက်ဦး–စစ်တောင်းလမ်း	၂၄ မိုင်	ပဲခူးတိုင်း ဒိုက်ဦးမြို့နယ်	၂၁–၄–၂၀၀၇
	–နေပြည်တော်–မော်လမြိုင် နေပြည်တော်အမြန်ခရီးစဉ်		မန္တလေးတိုင်း ပဲခူးတိုင်း မွန်ပြည်နယ်	၂၂–၄–၂၀၀၇
	–ကြီးနီ–ချောက်လမ်း	၄ ဒသမ ၃ မိုင်	မကွေးတိုင်း ချောက်မြို့နယ်	၂–၉–၂၀၀၇
	–မော်လမြိုင်–ရေး– မော်လမြိုင်လမ်း	၉၀ မိုင်	မွန်ပြည်နယ် တနင်္သာရီတိုင်း	၉–၉–၂၀၀၇
	–နေပြည်တော်ပျဉ်းမနား– မြို့ဟောင်း(ခွေးလမ်း)	၁၅၇ ဒသမ ၇၅ မိုင်	မန္တလေးတိုင်း နေပြည်တော် ပျဉ်းမနားမြို့နယ်	၂၄–၁၁–၂၀၀၇
၂။	**လေဆိပ်**			
	–ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်သစ်		ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ်	၂၅–၅–၂၀၀၇
၃။	**ဆိပ်ခံတံတား**			
	–ဖောင်တော်ကြီးဆိပ်ခံ တံတား		ရခိုင်ပြည်နယ် စစ်တွေမြို့နယ်	၁၈–၂–၂၀၀၇

လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရန်အတွက် ၂၀၀၇ခုနှစ် ဇန်နဝါရီ ၂၇ရက်က မကွေးတိုင်း ဂန့်ဂေါမြို့နယ်တွင် ဖောက်လုပ်ပေးထားသည့် အရှည် ခုနစ်မိုင်ခန့်ရှိသော ကျော–ရေမျက်နီ လမ်းပိုင်းမှ ပုံညာတောင်ဥမင်။ (ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

၂၀၀၇ခုနှစ်အတွင်း နိုင်ငံတစ်ဝန်း ပို့ဆောင်ရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းမှု မှတ်တမ်း

၂၀၀၇ခုနှစ် ဧပြီ ၂၁ရက်က ဒိုက်ဦး–စစ်တောင်း ရထားလမ်းပိုင်းသစ် ဖွင့်ပွဲအပြီး ဒေသခံကျေးရွာများမှပြည်သူများက ဤသို့ လှိုက်လှဲဝမ်းမြောက်စွာ ကြိုဆိုခဲ့ကြသည်။ (ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

ပြည်တွင်းပြည်ပ ခရီးသွားလာမှု၊ ကုန်စည်ပို့ဆောင်မှု လွယ်ကူချောမွေ့စေရန်အတွက် ရခိုင်ပြည်နယ် စစ်တွေဆိပ်ကမ်းတွင်တည်ရှိသော ဖောင်တော်ကြီး ဆိပ်ခံတံတားကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

လွတ်လပ်ရေးကို သက်စွန့်ကြိုးပမ်းရယူပေးခဲ့ကြသူများ၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေပါလျှင်



၂၀၀၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး လွတ်လပ်ရေးရသည်မှာ နှစ်ပေါင်း(၆၀)တိတိ ပြည့်ခဲ့ပါပြီ။

လွတ်လပ်ရေးရခဲ့ပြီးနောက်နိုင်ငံဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ကြရမည်ဖြစ်ရာ တိုင်းရင်းသားညီအစ်ကိုအချင်းချင်း အလုပ်ကို ညီညွတ်စွာ ကြိုးစားလုပ်ကိုင်ကြပါမှ ကမ္ဘာ့အလယ်တွင် မြန်မာဟု တင့်တယ်စွာ ပေါ်ထွန်းနိုင်မည်ဖြစ်ပါသည်။ သို့သော်လည်း အချင်းချင်း မညီညွတ်ကြသဖြင့် ပြည်တွင်းသောင်းကျန်းမှုများ ဖြစ်ပွားခဲ့ရပြီး နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုပျက်ပြားခဲ့ရသည်။ ထိုဖြစ်ရပ်၏ ဆိုးကျိုးအဖြစ် ကုန်ထုတ်လုပ်ငန်းများ၊ ကုန်သွယ်မှုလုပ်ငန်းများ ထိခိုက်ခဲ့ရပြီး အလုပ်အကိုင် အခွင့်အလမ်းများစွာ ဆုံးရှုံးခဲ့ရပါသည်။

ထို့ကြောင့် ကျွန်တော်တို့သည် အလုပ်ကို ကြိုးစားလုပ်ကိုင်ချင်သည့်တိုင် ထိုသို့ကြိုးစားလုပ်ကိုင်နိုင်ရန် အခွင့်အလမ်းများ နည်းပါးခဲ့ရပါသည်။ ထိုမှ နောက်ပိုင်းသင့်တင့်သော ငြိမ်းချမ်းမှုရခဲ့သော်လည်း တော်လှန်ရေးကောင်စီ အစိုးရလက်ထက်တွင် တစ်ဦးချင်း အကျိုးစီးပွားကို ပဓာနမထားဘဲ လုပ်ငန်းများကို ပြည်သူပိုင်သိမ်းလိုက်ခြင်းကြောင့် အလုပ်ကိုကြိုးစားလုပ်ကိုင်ချင်သော မြန်မာတို့၏ လုပ်ကိုင်ခွင့်များကို ပိတ်ပင်လိုက်သကဲ့သို့ ဖြစ်သွားခဲ့ပါသည်။ လမ်းစဉ်ပါတီအစိုးရ လက်ထက်တွင်လည်း ဆိုရှယ်လစ်စီးပွားရေးစနစ်အရ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများကို ကန့်သတ်ခြင်းကြောင့် မြန်မာနိုင်ငံသားများ အလုပ်ကြိုးစားချင်သလောက် ကြိုးစားခွင့်မရခဲ့ကြပါ။ ထို့ကြောင့် ထိုခေတ်ကာလများတွင် မြန်မာနိုင်ငံသားများအနေဖြင့် သူများခြေတစ်လှမ်းလှမ်းလျှင် ကိုယ်က လေး ငါးဆယ်လှမ်း လှမ်းဖို့သင့်သော်လည်း ခြေထောက်များကို ချုပ်နှောင်ခံထားရသည့် အပြေးသမားပမာ ပန်းမဝင်နိုင်သည့် အနေအထားသို့ ရောက်ရှိခဲ့ပါသည်။

လွတ်လပ်ရေးရပြီး ၁၉၄၈ ခုနှစ်မှ ၁၉၈၈ခုနှစ်အထိ ကာလတွင် နိုင်ငံအတွင်း၌ အမျိုးသားစည်းလုံးညီညွတ်မှု အားနည်းခဲ့ခြင်း၊ ကျင့်သုံးခဲ့သော စီးပွားရေးစနစ် အားနည်းခြင်းတို့ကြောင့် လွတ်လပ်ရေးရပြီး နှစ်(၄၀)အကြာတွင် မြန်မာနိုင်ငံသည် ဖွံ့ဖြိုးမှုအနိမ့်ဆုံးနိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့ရပါသည်။

နိုင်ငံတွင်း၌ ညီညွတ်ရေးပျက်ပြားခြင်း၊ စီးပွားရေးမူဝါဒများ မှားယွင်းခဲ့ခြင်းတို့ကြောင့် ဖွံ့ဖြိုးမှုအနိမ့်ဆုံး နိုင်ငံဖြစ်ခဲ့ရာမှ နိုင်ငံတော် အချုပ်အခြာအာဏာ ဆုံးရှုံးရတော့မည့်အခြေအနေသို့ ရောက်ရှိလာခဲ့သဖြင့် ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် တပ်မတော်က မလွှဲမရှောင်သာ တာဝန်ယူလိုက်ရပါသည်။ တပ်မတော်အစိုးရသည် ဖွံ့ဖြိုးမှုအနိမ့်ဆုံးသို့ရောက်နေသော မြန်မာနိုင်ငံကို ပြန်လည်ထူထောင်မှုများပြုလုပ်ခဲ့ပါသည်။ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးအတွက် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြုလုပ်ခဲ့ရာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကြီး (၁၇) ဖွဲ့နှင့် အဖွဲ့ငယ်အများအပြား ငြိမ်းချမ်းရေးရယူခဲ့ကြပါသည်။ ထို့ကြောင့် ယခင်က အေးချမ်းမှုမရှိသော ဒေသများ အေးချမ်းလာပြီး ပြည်သူများအနေဖြင့် စီးပွားရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်လာနိုင်ကြပါသည်။

ယခင်က မအေးချမ်းခဲ့သော ကျွန်တော်နေထိုင်ရာ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးရယူပြီး အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး တည်ဆောက်နိုင်ခဲ့သဖြင့် ယင်းဒေသများမှ ပြည်သူများသည် မြေလွတ်မြေရိုင်းများကို တိုးချဲ့စိုက်ပျိုးလာနိုင်ကြသည်။ ရော်ဘာစိုက်ခင်းသစ်များကို ဧကပေါင်း ထောင်သောင်းချီ၍ တိုးချဲ့လုပ်ကိုင်လာကြသည်ကို တွေ့လာရပါသည်။ တနင်္သာရီတိုင်းတွင်လည်း ရော်ဘာစိုက်ခင်းသစ်များ၊ ဆီအုန်းစိုက်ခင်းသစ်များကို ဧကသိန်းနှင့်ချီပြီး တိုးချဲ့စိုက်ပျိုးလာကြသည်ကို တွေ့လာရပါသည်။ ၁၉၈၈ခုနှစ် မတိုင်မီက ကျွန်တော်တို့ ပတ်ဝန်းကျင်ရှိ တိုက်ပွဲများ ဖြစ်ပွားခဲ့ရာ စစ်တလင်းပြင် နေရာဒေသများသည် ၁၉၈၈ခုနှစ်နောက်ပိုင်းတွင် စိုက်ခင်းများအဖြစ် စိမ်းစိမ်းစိုစို၊ သာသာယာယာ ပြောင်းလဲလာကြသည်ကို မျက်မြင်ကိုယ်တွေ့ တွေ့ကြုံလာရပါသည်။ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်စသည့် ယခင်က မအေးချမ်းခဲ့သော ဒေသများတွင်လည်း အမျိုးသားစည်းလုံး ညီညွတ်ရေး ရရှိလာပြီး နယ်မြေအေးချမ်းလာသောကြောင့် မြေလွတ်မြေရိုင်းများကို ဖော်ထုတ်စိုက်ပျိုး လုပ်ကိုင်လာနိုင်ခဲ့ပါသည်။

ဤသည်မှာ တပ်မတော်အစိုးရလက်ထက်တွင် လွတ်လပ်ရေးရပြီး နောက်ပိုင်း မည်သည့်ခေတ်အခါကနှင့်မျှ မတူအောင် အမျိုးသားစည်းလုံးညီညွတ်ရေး တည်ဆောက်နိုင်ခြင်းကြောင့် ယခင်က မဖွံ့ဖြိုးခဲ့သော နယ်မြေဒေသများ ဖွံ့ဖြိုးတိုးတက်လာခြင်းပင်ဖြစ်ပါတော့သည်။

တပ်မတော်အစိုးရသည် ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲကျင့်သုံးပြီး ပုဂ္ဂလိကစီးပွားရေးကို အားပေးလာပါသည်။ ထို့ကြောင့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များသည် လုပ်ငန်းများကို အပြိုင်အဆိုင် ကြိုးစားလုပ်ကိုင်လာကြသည်။ ပြည်နယ်နှင့်တိုင်း ဒေသအသီးသီးတွင် စက်မှုဇုန်များ ပေါ်ထွက်လာပြီး စက်ရုံများ အများအပြား တည်ဆောက်ကာ ကုန်ထုတ်လုပ်ငန်းများကို လုပ်ကိုင်လာကြပါသည်။ ပုဂ္ဂလိက ဟိုတယ်ကြီးများ၊ ခရီးသွားလုပ်ငန်းများ၊ ထုတ်ကုန်သွင်းကုန် ရောင်းဝယ်ရေးလုပ်ငန်းများနှင့် ပုဂ္ဂလိက ဆေးရုံများ တည်ဆောက်လုပ်ကိုင်လာကြပါသည်။ ထို့ကြောင့် ပုဂ္ဂလိကကဏ္ဍမှာ တစ်ဟုန်ထိုး ဖွံ့ဖြိုးတိုးတက်လာပါသည်။ တပ်မတော်အစိုးရ လက်ထက်တွင် မည်သည့်ခေတ်အခါကနှင့်မျှ မတူဘဲ အလုပ်အကိုင် အခွင့်အလမ်းသစ်များ ပေါ်ပေါက်လာသောကြောင့် မြန်မာနိုင်ငံသားတို့သည် အလုပ်ကို ပိုမိုကြိုးစား လုပ်ကိုင်လာကြသည်ကို တွေ့ရပါသည်။ "သူများ ခြေတစ်လှမ်းလှမ်းလျှင် ငါတို့က လေးငါးဆယ်လှမ်းလှမ်းမည်"ဆိုသည့် စိတ်ဓာတ်များ ဖြစ်ပေါ်လာကြသည်။ ထိုစိတ်ဓာတ်ဖြင့် ဒေသအတွင်းရှိ နိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်အောင် ကြိုးစားလုပ်ကိုင်လာကြပါသည်။

ပြည်တွင်းပြည်ပ အဖျက်သမားများနှင့် အနောက်အုပ်စုနိုင်ငံ အချို့က နိုင်ငံတော်အစိုးရနှင့် ပြည်သူလူထုတို့ လက်တွဲလျှောက်လှမ်းနေသည့် ခရီးလမ်းကို [...] နှောင့်ယှက်ဟန့်တားစေကာမူ နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့သည် ကိုယ့်[...] ကိုယ့်ခရီးကိုယ်နှင်ကာ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ([...] ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်သာ။

တပ်မတော်အစိုးရနှင့် ပြည်သူတို့ လက်တွဲပြီး နိုင်ငံတော်ကို တက်ညီလက်ညီ ကြိုးစားပမ်းစား ပြန်လည်ထူထောင်နေချိန်တွင် နိုင်ငံတော်အစိုးရကို ဆန့်ကျင်နေသူများ အနေဖြင့် အမြင်မှန်ရကာ နိုင်ငံတော် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်ကြီးတွင် ပြည်သူလူထုနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်သင့်ပါသည်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များပင် ငြိမ်းချမ်းရေး တည်ဆောက်ပြီး တပ်မတော်အစိုးရ၊ ပြည်သူတို့နှင့် လက်တွဲပူးပေါင်းလာသောကြောင့် နယ်စပ်ဒေသအသီးသီး၌ ဖွံ့ဖြိုးတိုးတက်လာချိန်တွင် ယင်းလမ်းလွဲရောက်ပြီး ဆန့်ကျင်နေသူများကပါ နိုင်ငံတော် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်လာပါက ကျွန်တော်တို့ နိုင်ငံသည် တစ်ဟုန်ထိုး ဖွံ့ဖြိုးတိုးတက်ကာ နိုင်ငံသားများလည်း ချမ်းသာကြွယ်ဝလာကြပါမည်။ ပြည်သူလူထု ချမ်းသာကြွယ်ဝရေးကို ရှေ့တန်းမတင်ဘဲ မိမိနိုင်ငံရေး အယူအဆများကို ရှေ့တန်းတင် နေပါလျှင် မည်သူမျှ အကျိုးမရှိဘဲ သဘောထားကွဲလွဲမြဲ ကွဲလွဲနေမည်သာဖြစ်ပါသည်။

ယနေ့ကာလ၌ နိုင်ငံတော် ပြန်လည်ထူထောင်ရေးတွင် ပြည်သူလူထုနှင့် လက်တွဲ ပူးပေါင်းဆောင်ရွက်ရမည့်အစား ပြည်သူများ လျှောက်လှမ်းနေသော စီးပွားရေးခြေလှမ်းများ တုံ့ဆိုင်းသွားစေရန်အတွက် အစိုးရဆန့်ကျင်ရေး အင်အားစုများက အနောက်အုပ်စုနိုင်ငံများအနေဖြင့် မြန်မာနိုင်ငံအား စီးပွားရေးဒဏ်ခတ် ပိတ်ဆို့ပေးရန် တောင်းဆိုခဲ့ကြပါသည်။ မူလကပင် မြန်မာနိုင်ငံအား ကိုလိုနီအဖြစ် သွတ်သွင်းရန် ကြံစည်နေသော အနောက်အုပ်စုနိုင်ငံများက ဤသည်ကို အခွင့်ကောင်းယူကာ မြန်မာနိုင်ငံအပေါ် စီးပွားရေးဒဏ်ခတ်ပိတ်ဆို့မှုများ ပြုလုပ်ခဲ့ကြပါသည်။ ထို့ကြောင့်ပင် သူများခြေတစ်လှမ်းလှမ်းလျှင် လေးငါးဆယ်လှမ်းမက အပြေးအလွှားလုပ်ကိုင်လိုကြသော မြန်မာပြည်သူတို့အနေဖြင့် ခြေလှမ်းများ တုံ့ဆိုင်းခဲ့ရသလို နိုင်ငံတော် ဖွံ့ဖြိုးမှုသည်လည်း အတိုင်းအတာတစ်ခုအထိ နှောင့်နှေးခဲ့ရပြန်ပါသည်။

ပြည်တွင်းပြည်ပ အဖျက်သမားများနှင့် အနောက်အုပ်စုနိုင်ငံ အချို့က နိုင်ငံတော်အစိုးရနှင့် ပြည်သူလူထုတို့ လက်တွဲ လျှောက်လှမ်းနေသည့် ခရီးလမ်းကို မည်သို့ပင် နှောင့်ယှက်ဟန့်တား စေကာမူ နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့သည် ကိုယ့်လ[...] ကိုယ်နှင်ကာ နိုင်ငံတော်ရှေ့ဆက်သွားမည့်[...] အတိုင်း ဆက်လက်အကောင်အထည်ဖော်[...] ဖြစ်ပါသည်။ အမျိုးသားနိုင်ငံရေး အသိအ[...] လာကြသော ယနေ့မြန်မာပြည်သူတို့သည် [...] အတွက် ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ချစ်ကြည်ရ[...] ရွက်လိုကြပါသည်။ သို့သော်လည်း မိမိတို့ နို[...] အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် တန်းတူ[...] လိုလားကြသည်။ မိမိတို့၏ အချုပ်အခြာ[...] လွတ်လပ်ရေးကိုထိပါးစေမည့် သူတစ်ပါ[...] သူတစ်ပါး၏ ရုပ်သေးဘဝတို့သို့ မည်သို့သော[...] မဟုတ်ပါ။

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး လွ[...] အာဇာနည်ခေါင်းဆောင်ကြီးများနှင့်တကွ ကျ[...] များ၏ အသက်၊ သွေး၊ ချွေးတို့ ပေးဆပ်[...] အသက်၊သွေး၊ချွေးပေးဆပ်ပြီး လွတ်လပ်ရေး[...] တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ညီညွတ်[...] ကျွန်တော်တို့နိုင်ငံသည် လွတ်လပ်ရေးရပြီး နှ[...] ခေတ်မီဖွံ့ဖြိုးတိုးတက်လာခြင်းမရှိသေးဘဲ [...] နေရဆဲဖြစ်သည်ကို ဝမ်းနည်းဖွယ်ရာ တွေ[...]

ထိုသို့ လွတ်လပ်ရေးကို သက်စွန့်ကြိုးပမ်း[...] ကျေးဇူးသစ္စာကို စောင့်သိရိုသေသောအားဖြင့်[...] သဘောထား အမြင်လွဲမှားနေသူများသည် နို[...] လူထုတို့နှင့် ညီညီညွတ်ညွတ် အတူတကွ[...] နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတ[...] အပြည့်ဖြင့် ပူးပေါင်းဆောင်ရွက်သင့်ပါသ[...] မြန်မာများ ညီညွတ်ကြပါလျှင်၊ ကြိုးစားကြ[...] နိုင်ငံသည် ယနေ့ ကျွန်တော်တို့ မြင်တွေ့[...] တိုးတက်ပြီး နိုင်ငံများအဆင့်သို့ အမြန်[...] အလေးအနက် ယုံကြည်မိပါကြောင်း [...] သည်။ ။

လွတ်လပ်ရေးကို သက်စွန့်ကြိုးပမ်း ရယူပေးခဲ့ကြသူများ၏ ကျေးဇူး[...] စောင့်သိရိုသေသောအားဖြင့် နိုင်ငံတော်အစိုးရအပေါ် သဘောထားအမြင်လွဲ[...] များသည် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုတို့နှင့် ညီညီညွတ်ညွတ် အတူတကွ[...] ပူးပေါင်းကာ နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ဇွဲ၊ လုံ့လ၊ ဝီရိယ အ[...] ပူးပေါင်းဆောင်ရွက်သင့်။

...င့်သိရှိသေပါလျှင်

ငါးမင်းဆွေ

...ားနှင့် အနောက်အုပ်စုနိုင်ငံ အချို့က နိုင်ငံတော် ...လျှောက်လှမ်းနေသည့် ခရီးလမ်းကို မည်သို့ပင် ...်အစိုးရနှင့် ပြည်သူတို့သည် ကိုယ့်လမ်းကိုယ်ထွင်၊ ...ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အတိုင်း ...တင်ရှက်သွားမည်သာ။

နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့သည် ကိုယ့်လမ်းကိုယ်ထွင်၊ ကိုယ့်ခရီး ကိုယ်နှင်ကာ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အတိုင်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်သာ ဖြစ်ပါသည်။ အမျိုးသားနိုင်ငံရေး အသိအမြင် နိုးကြားတက်ကြွ လာကြသော ယနေ့မြန်မာပြည်သူတို့သည် အမျိုးသား အကျိုးစီးပွား အတွက် ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင် ရွက်လိုကြပါသည်။ သို့သော်လည်း မိမိတို့ နိုင်ငံအား လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် တန်းတူညီတူ ဆက်ဆံမှုကိုသာ လိုလားကြသည်။ မိမိတို့၏ အချုပ်အခြာအာဏာတည်းဟူသော လွတ်လပ်ရေးကိုထိပါးစေမည့် သူတစ်ပါး နောက်မြီးဆွဲ ဘဝ၊ သူတစ်ပါး၏ ရုပ်သေးဘဝတို့သို့ မည်သို့သောအခါမျှ အရောက်ခံမည် မဟုတ်ပါ။

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး လွတ်လပ်ရေးရရန်အတွက် အာဇာနည်ခေါင်းဆောင်ကြီးများနှင့်တကွ ကျွန်တော်တို့ မိဘဘိုးဘွား များ၏ အသက်၊ သွေး၊ ချွေးတို့ ပေးဆပ်ခဲ့ကြရပါသည်။ ထိုသို့ အသက်၊သွေး၊ချွေးပေးဆပ်ပြီး လွတ်လပ်ရေးကိုရယူပေးခဲ့သော်လည်း တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ညီညွတ်မှုအားနည်းခဲ့ခြင်းကြောင့် ကျွန်တော်တို့နိုင်ငံသည် လွတ်လပ်ရေးရပြီး နှစ်ပေါင်း(၆၀)တိုင်အောင် ခေတ်မီဖွံ့ဖြိုးတိုးတက်လာခြင်းမရှိသေးဘဲ အကြိတ်အနယ်ကြိုးပမ်း နေရဆဲဖြစ်သည်ကို ဝမ်းနည်းဖွယ်ရာ တွေ့မြင်နေရပါသည်။

ထိုသို့ လွတ်လပ်ရေးကို သက်စွန့်ကြိုးပမ်းရယူပေးခဲ့ကြသူများ၏ ကျေးဇူးသစ္စာကို စောင့်သိရှိသေသောအားဖြင့် နိုင်ငံတော်အစိုးရအပေါ် သဘောထား အမြင်လွဲမှားနေသူများသည် နိုင်ငံတော်အစိုးရ၊ ပြည်သူ လူထုတို့နှင့် ညီညီညွတ်ညွတ် အတူတကွ လက်တွဲပူးပေါင်းကာ နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ခွဲ၊ လုံ့လ၊ ဝီရိယ အပြည့်ဖြင့် ပူးပေါင်းဆောင်ရွက်သင့်ပါသည်။ ဤသို့ ကျွန်တော်တို့ မြန်မာများ ညီညွတ်ကြပါလျှင်၊ ကြိုးစားကြပါလျှင် ကျွန်တော်တို့ နိုင်ငံသည် ယနေ့ ကျွန်တော်တို့ မြင်တွေ့အားကျနေရသည့် ဖွံ့ဖြိုး တိုးတက်ပြီး နိုင်ငံများအဆင့်သို့ အမြန်မုချရောက်ရှိနိုင်မည်ဟု အလေးအနက် ယုံကြည်မိပါကြောင်း ရေးသားတင်ပြလိုက်ရပါ သည်။ ။

...ကြသူများ၏ ကျေးဇူးသစ္စာကို ... သဘောထားအမြင်လွဲမှားနေသူ ...ညွတ်ညွတ် အတူတကွ လက်တွဲ ...ွက် ခွဲ၊ လုံ့လ၊ ဝီရိယ အပြည့်ဖြင့်

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်

(က) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသား အားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။

(ခ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသား အားလုံး စုပေါင်း ထိန်းသိမ်းကာကွယ်ရေး။

(ဂ) အောင်မြင်စွာကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံက ချမှတ်ခဲ့သော အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့် မူများနှင့်အညီ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေး တို့အတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(င) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ စွန့်လွှတ် စွန့်စားသည့်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရေး။

နေပြည်တော် မြို့တော်ခန်းမ

ဓာတ်ပုံ-ဦးတိုကိုနိုင်(IPRD)

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ ဂုဏ်ပြုကြိုဆို ဓနုဖြူမြို့နယ် အနော်ရထာ ကတ္တရာလမ်းသစ်ဖွင့်

ရန်ကုန် ဇန်နဝါရီ ၂

နှစ်(၆၀)ပြည့် လွတ်လပ်ရေး နေ့ကို ဂုဏ်ပြု ကြိုဆိုသောအားဖြင့် မအူပင်ခရိုင် ဓနုဖြူမြို့နယ် အနော်ရထာ လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်း အနားကို ဒီဇင်ဘာ၃၁ရက် နံနက် ၈နာရီက လမ်းသစ်ဖွင့်ပွဲ မုခ်ဦးရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် အနော်ရထာ လမ်း ကတ္တရာလမ်းသစ်နှင့် ပတ်သက် သည့် အချက်အလက်များကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ခံ အင်ဂျင်နီယာ ဦးဇေယျာဇော်မျိုးက ရှင်းလင်းတင်ပြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ အနော်ရထာလမ်း ကတ္တရာလမ်းသစ်ကို မြို့နယ်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင့်လွင်၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့မှ အမှုဆောင်အရာရှိ ဦးအောင် ကျော်မိုးနှင့် မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်း ရေးမှူး ဦးနိုင်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အပေါ်ဝဲပုံ)**

အဆိုပါလမ်းမှာအလျားပေ ၈၀၀၊ အကျယ် ၁၂ပေ ရှိပြီး မြို့နယ် စည်ပင် သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာ ရေးနှစ် ငွေလုံးငွေရင်းအဖွဲ့ ရန်ပုံငွေ ကျပ် ၃၅၆၄၀၀၀ အကုန်အကျခံ ဆောင်ရွက်ပေးခဲ့ပြီး ရပ်ကွက် ခုနစ်ခုရှိ ပြည်သူများ လမ်းပန်းဆက်သွယ်မှု လွယ်ကူ ချောမွေ့စေသည်သာမက ဓနုဖြူမြို့တွင်းသို့ အဓိက ဝင်ရောက် ရန် လမ်းလည်းဖြစ်ကြောင်း သိရ သည်။ (၁၄၇)

မဟောက်မဖျက် လျှောက်လျက် သည်လမ်း ဒို့မပန်း

* တပေါင်းနွေဦး၊ လေရူးအထ
ကြွေကျရွက်ဝါ၊ သည်ချိန်ခါတွင်
ညီညာစစ်ခင်း၊ လွတ်လပ်ခြင်းတွက်
ရင်းနှီးပေးဆပ်၊ သွေးသက်ထပ်ကာ
မားမတ်ဝံ့ရဲ၊ ဖြိုခွဲတွန်းလှန်
ဒို့ပြည်မြန်ထဲ၊ ဝက်ဝက်ကွဲအောင်
ဆင်နွှဲပါခဲ့၊ ညီညွတ်ခဲ့၍
နယ်ချဲ့ဒူးတုန်၊ အကြံကုန်ကာ
လုံးစုံလွတ်လပ်၊ ပေးအပ်စွန့်လွှတ်
မချွတ်ကေန်၊ ရခဲ့ပြန်သည်
စစ်မှန်လွတ်လပ်ရေးပါတည်း။

* ၁၉၄၈ခု၊ ရတုဟေမန်
ဇန်နဝါရီ လေးရက်...
နံနက်စောစော၊ ဥဩဆွဲသံ
သောသောညံ၍၊ ဆွဲလှန်ဖြုတ်ချ
ဂျက်အလံကျသည်...
တင်ရလွင့်လွင့်၊ စွင့်စွင့်ငွားငွား
မြန်မာ့အားမာန်၊ ဒို့အလံလျှင်
မိုးယံဝင့်ဝင့်ကြွားကြွားတည်း။

* အသက်သွေးချွေး၊ စတေးပေးဆပ်
မြင့်မြတ်နှလုံးသား...
ဆွေသားနောင်ညီ၊ တွဲလက်ချီလျက်
ပြည်ခွင်လွတ်လပ်၊ ထွတ်အမြတ်လျှင်
မပြတ်ကြိုးကုတ်
အချုပ်အခြာ၊ ကိုယ့်အာဏာကို
တွယ်တာမြတ်နိုး၊ ကွယ်ကာမိုး၍
ဘိုးဘေးဒို့သွေး၊ ရဲနီစွေးလျက်
မွေးမြပွင့်လန်း၊ လွတ်လပ်ပန်းကို
လန်းဆန်းတာရှည်၊ စောင့်ထိန်းတည်ခဲ့
လီလီနှစ်ပြောင်း
နှစ်ပေါင်းခြောက်ဆယ် တိုင်ခဲ့ပြီ။

* ယခုအခါ၊ ပြည်မြန်မာကို
အာသာငမ်းငမ်း၊ သွေးတိုးစမ်းကာ
ခွဲခြမ်းစိုးအုပ်၊ ထင်တိုင်းလုပ်ရန်
ယုတ်မာဆိုးညစ်
လက်သစ်နယ်ချဲ့၊ ကြိုးပမ်းခဲ့လည်း
ဒို့ရဲ့ဇာတိ၊ ဒို့ရဲ့သတ္တိ
ဒို့ရဲ့ဖွဲ့မာန်၊ ဒို့ရဲ့အားမာန်
သူ့ကျွန်မခံ၊ မျိုးမာန်မချ
ထာဝရလျှင်
မြန်မာ့လွတ်လပ်ရေး တည်ရမည်။

* ပြည်ပအားကိုး၊ ပုဆိန်ရိုးနှင့်
ကြိုးဆွဲရုပ်သေး၊ ကျွန်စိတ်မွေးတို့
သွေးထိုးသွေးခွဲ၊ ကြိုးဆွဲရာနောက်
ကောက်ကောက်ပါလျက်၊ ပြည်ကိုဖျက်ရန်
အကြံကုန်ထုတ်၊ လာမရှုပ်နဲ့
အချုပ်အခြာ၊ ကိုယ့်အာဏာနှင့်
ဒို့ဝန်တာပေး၊ အရေးသုံးရေးနှင့်
မနေးချီတက်၊ ခုနစ်ချက်တိကျ
လမ်းပြမြေပုံ၊ နေအရုဏ်ဝယ်
စွမ်းကုန်ကြိုးစား၊ မြန်ပြည်အားလျှင်
စည်ကားထွန်းပေါက်၊ ဘဝင်ရောက်အောင်
စွမ်းဆောင်ပါစို့ ပြည်သူတို့။
ညီညွတ်ပါစို့ ပြည်သူတို့။
ခေတ်မီနိုင်ငံတော်သစ်ဆီသို့။ ။

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုလျက်-

ဘိုမျိုး(ရွှေဘို)

စီးပွားရေး ဖွံ့ဖြိုးတိုးတက်နေသော (ယူအေအီး) နိုင်ငံ ဒူဘိုင်းမြို့ ရှိ ဆိပ်ကမ်းကို ဇန်နဝါရီ၁ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ကမ္ဘာ့အဆင့်မီ လေယာဉ်များ တရုတ်ထုတ်လုပ်မည်

ရှီအန်း ဇန်နဝါရီ ၂

တရုတ်လေယာဉ်များကို ကမ္ဘာနှင့်အပြိုင် ယှဉ်ပြိုင်ထုတ်လုပ်သွားရမည်ဖြစ်ကြောင်း တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်က ရှီအန်းလေယာဉ်ထုတ်လုပ်ရေးလုပ်ငန်းကုမ္ပဏီ(အုပ်စု)သို့ ဒီဇင်ဘာ ၃၀ ရက်က သွားရောက်လည်ပတ်စဉ်အတွင်း ပြောကြားလိုက်သည်။

လေယာဉ် ထုတ်လုပ်နေသည့် တရုတ်ကုမ္ပဏီသည် ကမ္ဘာ့လေယာဉ်ထုတ်လုပ်နေသည့် ကုမ္ပဏီများနှင့် အပြိုင်ထုတ်လုပ်နိုင်သော နေ့တစ်နေ့သို့ ရောက်ရှိရမည်ဖြစ်ကြောင်း၊ တရုတ် လူငယ်မျိုးဆက်သစ် သိပ္ပံပညာရှင်များ၏ အိပ်မက်မှာ အမှန်တကယ်ပင် ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း ဝမ်က အဆိုပါ လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီ အင်ဂျင်နီယာများအား ပြောကြားသည်။

(အင်တာနက်)

ချမ်းသာကြွယ်ဝသော ပင်လယ်ကွေ့ခြောက်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်ရန် ဘုံဈေးကွက်ကြီးထူထောင်

ဒူဘိုင်း ဇန်နဝါရီ ၂

ချမ်းသာကြွယ်ဝသော ပင်လယ်ကွေ့ခြောက်နိုင်ငံတို့သည် စီးပွားရေး ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ဘုံဈေးကွက်ကြီးတစ်ခု ထူထောင်ဖွဲ့စည်းလိုက်ကြောင်း ဇန်နဝါရီ ၁ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများသည် ရေနံကို အခြေခံလျက် ချမ်းသာကြွယ်ဝသည့် နိုင်ငံများဖြစ်ကြသည်။ ယင်းနိုင်ငံများသည် ဘုံဈေးကွက်ကြီး ထူထောင်လိုက်သဖြင့် နိုင်ငံအချင်းချင်း စီးပွားရေးဆွေးနွေးမှုများ ပိုမိုပြုလုပ်လာနိုင်မည်ဟု ဆိုသည်။

ပိုမိုရရှိ

ယင်းဘုံဈေးကွက်ကြီး ထူထောင်လိုက်ခြင်းကြောင့် အဆိုပါ နိုင်ငံများအတွင်း နေထိုင်ကြသည့် ပြည်သူအပေါင်းတို့သည် လွတ်လပ်စွာ ပညာသင်ကြားခွင့်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာကြမည် ဖြစ်သည်။

ရွေးချယ်နေထိုင်

အဆိုပါ ပင်လယ်ကွေ့နိုင်ငံများတွင် ဘာရိန်း၊ ကူဝိတ်၊ အိုမန်၊ ကာတာ၊ ဆော်ဒီအာရေဗျနှင့် ယူအေအီးနိုင်ငံတို့ ပါဝင်သည်။ ယင်းနိုင်ငံများသည် စီးပွားရေးညီမျှသည့် နိုင်ငံများဖြစ်ခြင်းကြောင့် နှစ်သက်ရာနိုင်ငံ၌ ပြည်သူများ အနေဖြင့် ရွေးချယ်နေထိုင်နိုင်သည်ဟု ဆိုသည်။

ဝယ်ယူနိုင်

ယင်းပင်လယ်ကွေ့ ခြောက်နိုင်ငံအတွင်း နေထိုင်ကြသည့် ပြည်သူများသည် အတူတကွလုပ်ငန်းများ လုပ်ကိုင်နိုင်ကြသလို အိမ်များ၊ ကုမ္ပဏီများ၊ ကုန်သွယ်ရေး ရှယ်ယာများကိုလည်း ဝယ်ယူနိုင်ကြသည်ဟု ဆိုသည်။

ကျောင်းများတက်နိုင်

ထို့အပြင် ပညာသင်ကြား၍ ကျောင်းများ တက်နိုင်မည်ဖြစ်ကြောင်း၊ ဆေးကုသမှုများလည်း ခံယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

နိုင်ငံတကာငွေကြေးဈေးကွက်

လန်ဒန် ဇန်နဝါရီ ၂

၂၀၀၇ခုနှစ် ဒီဇင်ဘာ၃၁ ရက်က ကမ္ဘာ့ငွေကြေးဈေးကွက်တွင် အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော ငွေကြေးတန်ဖိုးများကို ဖော်ပြလိုက်ပါသည်။

နိုင်ငံ	ငွေကြေး	တန်ဖိုး
ဘင်္ဂလားဒေ့ရှ်	တာကာ	၅၉ ဒသမ ၆၀
ကမ္ဘောဒီးယား	ယီရယ်	၃၈၃၉ ဒသမ ၆၀
တရုတ်	ယွမ်	၈ ဒသမ ၁၀
အိန္ဒိယ	ရူပီး	၃၉ ဒသမ ၃၀
အင်ဒိုနီးရှား	ရူပီယာ	၉၄၁၀ ဒသမ ၉၅
ဂျပန်	ယန်း	၁၁၁ ဒသမ ၇၂
မလေးရှား	ရင်းဂစ်	၃ ဒသမ ၃၀
နီပေါ	ရူပီး	၇၅ ဒသမ ၁၃
ပါကစ္စတန်	ရူပီး	၆၁ ဒသမ ၆၄
ဖိလစ်ပိုင်	ပီဆို	၄၁ ဒသမ ၂၅
စင်ကာပူ	ဒေါ်လာ	၁ ဒသမ ၄၃
ထိုင်း	ဘတ်	၂၉ ဒသမ ၈၂
ဗီယက်နမ်	ဒေါင်	၁၄၀၅၁ ဒသမ ၁၃

(အင်တာနက်)

တရုတ်နိုင်ငံ နန်နင်းပြည်နယ် ကွမ်စီကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ အလှမယ်ပြိုင်ပွဲ၌ ရွေးချယ်ခံရသူ အမျိုးသမီးငယ်လေးများကို ၂၀၀၇ခုနှစ် ဒီဇင်ဘာ ၃၁ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

တူရကီ၌ လှုပ်ခဲ့သောငလျင် အဆောက်အအုံ ပျက်စီးမှုများပြား

အန်ကာရာ ဇန်နဝါရီ ၂

တူရကီနိုင်ငံ၌ ဒီဇင်ဘာ ၂၇ ရက်က လှုပ်ခဲ့သော ငလျင်ကြောင့် မြို့တော် အန်ကာရာနှင့် အခြားမြို့များရှိ အဆောက်အအုံ ၉၄၅ လုံး ပျက်စီးသွားကြောင်း တူရကီပြည်သူ့လုပ်ငန်းနှင့် အိုးအိမ်ဝန်ကြီးဌာနက ဒီဇင်ဘာ ၃၁ ရက်တွင် ပြောကြားသည်။

ရစ်ချ်တာစကေး ၅ ဒသမ ၅ အဆင့်ရှိ အဆိုပါ ငလျင်ကြောင့် အဆောက်အအုံ ၉၄၅ လုံးမှာ အကြီးအကျယ် ပျက်စီးသွားပြီး ၁၂၆ လုံးမှာ အနည်းငယ်သာ ပျက်စီးမှုဖြစ်ခဲ့ကြောင်း ၎င်းဝန်ကြီးဌာနက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

၂၀၀၇ခုနှစ်အကုန်၌ ကမ္ဘာ့ရေနံဈေးမြင့်တက် တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၉၆ ဒေါ်လာခန့်ရှိ

လန်ဒန် ဇန်နဝါရီ ၂

ကမ္ဘာ့ရေနံဈေးကွက်၌ ရေနံဈေးနှုန်း မှန်မှန်မြင့်တက်လျက်ရှိရာ ၂၀၀၇ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၉၆ ဒေါ်လာ နီးပါးအထိ ရှိနေကြောင်း ရိုက်တာသတင်းတစ်ရပ်က ရေးသားဖော်ပြသည်။

အမေရိကန်ရေနံစိမ်းဈေးကွက်၌ တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၉၅ ဒသမ ၇၀ ရှိနေပြီး လန်ဒန်ဈေးကွက်တွင် တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၉၄ ဒသမ ၁၉ ဒေါ်လာရှိနေသည်ဟု ဆိုသည်။

အဆိုပါရေနံဈေးနှုန်းမှာ ၂၀၀၇ ခုနှစ် နှစ်ဆန်းပိုင်းက တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၆၁ ဒေါ်လာဝန်းကျင်ရှိနေရာမှ ဈေးမြင့်တက်လာခြင်း ဖြစ်သည်။ ၂၀၀၇ ခုနှစ် နိုဝင်ဘာ ၂၁ ရက်က အမြင့်ဆုံးဈေးတက်ခဲ့ရာ တစ် စည်လျှင် ၉၉ ဒသမ ၂၉ ဒေါ်လာအထိ မြင့်တက်ခဲ့သည်။

ရေနံဈေးနှုန်းသည် ၂၀၀၇ ခုနှစ်အတွင်း တစ်စည်လျှင် ပျမ်းမျှ ဈေးနှုန်းမှာ ၇၂ ဒသမ ၃၀ ဒေါ်လာရှိနေခဲ့သည်။ ယင်းရေနံဈေးနှုန်းမှာ ၂၀၀၆ ခုနှစ်ကထက် ကိုးရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။

ခန့်မှန်း

၂၀၀၈ ခုနှစ်အတွင်း ရေနံစိမ်းတစ်စည်ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၆၃ ဒသမ ၂၃ ရာခိုင်နှုန်းသို့ ပြန်ကျသွားလိမ့်မည်ဟု ခန့်မှန်းရကြောင်း စီးပွားရေး ကျွမ်းကျင်သူများက ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ပေါင် ၁၇၀ ရှိ ပင်လယ်လိပ်ကြီး

ဖိလစ်ပိုင်နိုင်ငံ ပင်လယ်ကမ်းရိုးတန်းဒေသဖြစ်သည့် ဇမ်ဘွန်ဂါမြို့၌ အလေးချိန်ပေါင် ၁၇၀ ရှိ ပင်လယ်လိပ်ကြီးတစ်ကောင်ကို ၂၀၀၇ခုနှစ် ဒီဇင်ဘာ၃၁ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ပြည်ပရောက် အလုပ်သမားပြန်ပို့ငွေ ကမ္ဘာတွင် ဘင်္ဂလားဒေ့ရှ် ပဉ္စမအများဆုံးရရှိ

ဒါကာ ဇန်နဝါရီ ၂

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၂၀၀၆ ခုနှစ်အတွင်း ပြည်ပသို့ အလုပ်အကိုင် သွားရောက်လုပ်ကိုင်သူများ ပြန်ပို့သည့်ငွေကြေးပမာဏမှာ ကမ္ဘာ့ထိပ်တန်း ၁၀နိုင်ငံတွင် တစ်နိုင်ငံအပါအဝင်ဖြစ်လာကြောင်း ကမ္ဘာလုံးဆိုင်ရာ ပို့ငွေစာရင်းအင်းအဖွဲ့၏ အစီရင်ခံစာ၌ ဖော်ပြသည်။

အဆိုပါနိုင်ငံသည် ၂၀၀၆ခုနှစ်အတွင်း ပြည်ပသို့ အလုပ်သွားရောက် လုပ်ကိုင်သူများက အမေရိကန် ဒေါ်လာ ၅ ဒသမ ၄၈ ဘီလီယံအထိ ပြန်ပို့ပေးနိုင်ခဲ့ကြောင်း၊ ယင်းကဲ့သို့ ပြန်ပို့သည့် တောင်အာရှနိုင်ငံများတွင် ပဉ္စမနေရာ၌ရှိကြောင်း ဒေသထုတ် သတင်းစာ ဖိုင်နန်ရှယ်အိတ်စ်ပရက်စ်က ရေးသားဖော်ပြသည်။ ၂၀၀၆ခုနှစ်အတွင်း ပြည်ပသို့ အလုပ်အကိုင် သွားရောက်လုပ်ကိုင်ကြသူများသည် ယင်းတို့၏နိုင်ငံရှိ မိသားစုများထံ ငွေများပြန်ပို့ခဲ့ကြရာ အိန္ဒိယနိုင်ငံမှာ ထိပ်ဆုံးကဖြစ်ပြီး အမေရိကန် ဒေါ်လာ ၂၅ ဒသမ ၇၀ ဘီလီယံရှိသည်ဟု ဆိုသည်။ ယင်းနောက်မှ မက္ကဆီကိုနိုင်ငံက အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၇ ဘီလီယံဖြင့် ဒုတိယလိုက်ပြီး တရုတ်နိုင်ငံက အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၄ ဘီလီယံဖြင့် တတိယလိုက်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

ဇန်နဝါရီ ၂

ပါကစ္စတန်ရွေးကောက်ပွဲ ရက်ရွှေ့ဆိုင်း

ပါကစ္စတန် ရွေးကောက်ပွဲကော်မရှင် (အီးစီပီ)က အထွေထွေရွေးကောက်ပွဲကို လာမည့် ဖေဖော်ဝါရီ ၁၁ ရက်အထိ ရွှေ့ဆိုင်းလိုက်ကြောင်း သတင်းထုတ်ပြန်လိုက်သည်။

ဇန်နဝါရီ ၁ ရက်က ပြုလုပ်သော အီးစီပီ အထူးအစည်းအဝေးအပြီးတွင် အထက်ပါအတိုင်း သတင်းထုတ်ခဲ့ခြင်းဖြစ်ပြီး အတိုက်အခံခေါင်းဆောင် နာဝပ်ရှရစ်ဖ်က ရွေးကောက်ပွဲ စောနိုင်သမျှ စောပြီး ကျင်းပရန် တောင်းဆိုထားသည်။

ကင်ညာ၌ ဖုံးပေါက်ကွဲမှုများကြောင့် ၂၀၀ ကျော်သေဆုံး

ကင်ညာနိုင်ငံတစ်ဝန်းတွင် ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး ဆူပူအကြမ်းဖက်မှုများ ဖြစ်ပွားလျက်ရှိရာ ဇန်နဝါရီ ၂ ရက်အထိ ဖုံးပေါက်ကွဲမှုများကြောင့် သေဆုံးသူ ၂၀၀ကျော်သွားပြီဖြစ်သည်။

ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့နှင့် ကီဆူမူမြို့တို့တွင် ဖုံးပေါက်ကွဲမှုများ ဖြစ်ပွားခြင်းကြောင့် သေဆုံးသူအရေအတွက် များပြားလျက်ရှိပြီး ဆန္ဒပြမှုများလည်း ဖြစ်ပွားလျက်ရှိသည်။

အိန္ဒိယနှင့်ပါကစ္စတန် နျူကလီးယားစက်ရုံစာရင်းလဲလှယ်

တစ်နိုင်ငံ၏ နျူကလီးယားစက်ရုံကို အခြားတစ်နိုင်ငံက မတိုက်ရေး အထူးသဘော တူညီချက်အရ နျူကလီးယားစက်ရုံစာရင်းကို ဇန်နဝါရီ ၁ ရက်က လဲလှယ်ကြသည်။

ထိုစာရင်းကို နှစ်နိုင်ငံမြို့တော်တို့တွင် တစ်ပြိုင်တည်း လဲလှယ်အသိပေးကြခြင်းဖြစ်သည်။ ပထမဆုံးသော စာရင်းဖလှယ်အသိပေးခြင်းကို ၁၉၉၂ ခုနှစ် ဇန်နဝါရီ ၁ ရက်က ပြုလုပ်သည်။ လွန်ခဲ့သည့်သုံးနှစ်က နှစ်နိုင်ငံဆက်ဆံရေး တင်းမာသည့်တိုင်အောင် နျူကလီးယားစက်ရုံစာရင်းကို ဖလှယ်ခဲ့ကြသည်။

ဆိုက်ပရပ်စ်နှင့်မော်လ်တာ နှစ်သစ်၌ ယူရိုငွေစတင်သုံးစွဲ

မြေထဲပင်လယ်ကျွန်းနိုင်ငံ နှစ်နိုင်ငံဖြစ်ကြသည့် ဆိုက်ပရပ်စ်နိုင်ငံနှင့် မော်လ်တာနိုင်ငံတို့သည် ၁၃ နိုင်ငံ သုံးစွဲလျက်ရှိသော ယူရိုငွေကြေးကို ယခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ သုံးစွဲကြပြီဖြစ်သည်။

ဇန်နဝါရီ ၁ ရက်မှစ၍ ယူရိုငွေ စတင်သုံးစွဲသည့်အထိမ်းအမှတ်အဖြစ် နှစ်သစ်ကူး အားလပ်ရက်ပင်ဖြစ်သော်လည်း ဆိုက်ပရပ်စ်နိုင်ငံ၌ အဓိကဘဏ်ခွဲများကို သုံးလေးနာရီ ဖွင့်လှစ်လိုက်သည်။ မော်လ်တာနိုင်ငံတွင် မီးရှူး မီးပန်းများလွှတ်ကာ ယူရိုသုံးစွဲမှုကို ကြိုဆိုလိုက်သည်။

အီရန်နှင့် ဗီယက်နမ် စီးပွားရေးပူးပေါင်းဆောင်ရွက်မည်

အီရန်နှင့် ဗီယက်နမ်နိုင်ငံတို့သည် ကုန်သွယ်ရေးနှင့် စီးပွားရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးလိုက်ကြသည်။

အကောက်ခွန်၊ ပူးတွဲရင်းနှီးမြှုပ်နှံမှု၊ အင်ဂျင်နီယာနှင့် နည်းပညာလုပ်ငန်းနယ်ပယ်များတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရန်နှင့် ဆည်တည်ဆောက်မှု၊ တံတားဆောက်မှု၊ ဘိလပ်မြေနှင့် မော်တော်ကားထုတ်လုပ်ရေးစက်ရုံများ ဖက်စပ်လုပ်ကိုင်ရေးအကောင်အထည်ဖော်ရန် နားလည်မှုစာချွန်လွှာ၌ ဖော်ပြထားသည်။

မိုင်းထောင်စဉ် ပေါက်ကွဲသဖြင့် တာလီဘန်နှစ်ဦးသေဆုံး

အာဖဂန်နစ္စတန်နိုင်ငံအလယ်ပိုင်း ဂါနီပြည်နယ် နဝါခရိုင် လမ်းမပေါ်တွင် အစိုးရတပ်ဖွဲ့ဝင်များအား ရည်ရွယ်ပြီး နံနက်စောစော၌ မိုင်းထောင်စဉ် မတော်တဆပေါက်ကွဲပြီး တာလီဘန်တိုက်ခိုက်ရေးသမားနှစ်ဦး သေဆုံးသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ ၂၀၀၇ ခုနှစ်အတွင်း အကြမ်းဖက်မှုကြောင့် သေဆုံးသူ ၆၀၀၀ ကျော်ရှိသည်။ လွန်ခဲ့သည့်ခြောက်နှစ်က တာလီဘန်အစိုးရ ပြုတ်ကျပြီးနောက် ၂၀၀၇ ခုနှစ်သည် အသေအပျောက်အများဆုံးနှစ် ဖြစ်သည်။

လုပ်ကြံခံရသူ ဘူတို၏သားသမီးများ ပါကစ္စတန်မှ ပြန်ထွက်ခွာ

ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း ဘာနာဇီယာဘူတို ကွယ်လွန်ပြီးနောက် ၎င်း၏ ပါကစ္စတန်ပြည်သူ့ပါတီ (ပီပီပီ)ဥက္ကဋ္ဌအဖြစ် ခန့်အပ်ခံရသူ သားကြီး ဩရဿ အသက် ၁၉ နှစ်အရွယ်ရှိ ဘီလာဝါးဘူတိုဇာဒါရီသည် နှမများဖြစ်ကြသော ဘာတာဝါ (၁၇ နှစ်)၊ အက်ဆီဖာ (၁၄ နှစ်) တို့နှင့်အတူ ပါကစ္စတန်နိုင်ငံမှ ဒူဘိုင်းသို့ လေယာဉ်ဖြင့်ထွက်ခွာသွားသည်။

သူ့အနေဖြင့် ပါတီကိုဦးဆောင်ရန် ပါကစ္စတန်သို့ ပြန်မလာမီ ပညာကို ဆုံးခန်းတိုင်သင်ဦးမည်ဖြစ်ကြောင်း အောက်စဖို့ဒ်တက္ကသိုလ်ကျောင်းသားဖြစ်သူ ဘီလာဝါးဘူတိုဇာဒါရီက သတင်းထောက်များအား ပြောကြားသွားသည်။

ဘဂ္ဂဒက်မြို့ဆင်ခြေဖုံး ကားဗုံးခွဲတိုက်၍ ၁၁ ဦးသေဆုံး

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် မြောက်ဘက် ဆင်ခြေဖုံးရှိ စာသင်ကျောင်းအနီး စစ်ဆေးရေးဂိတ်ကို သူပုန်တို့က အသေခံကားဗုံးခွဲတိုက်ခိုက်သဖြင့် ကလေးငါးဦးနှင့် အရပ်သား ခြောက်ဦး သေဆုံးသွားသည်။

ထို့ပြင် ကင်းစောင့်စေတနာ့ဝန်ထမ်း အရပ်သားခုနစ်ဦးတို့လည်း ဒဏ်ရာရသွားကြောင်းသိရသည်။ သေဆုံးသူ ကလေးငါးဦးမှာ ကျောင်းတက်နေသူများဖြစ်သည်။ (ကိုးကား-အင်တာနက်)

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်



- **ဘရာဇီးနိုင်ငံ အရှေ့တောင်ပိုင်း မီနက်စ်ဂီရစ်ပြည်နယ်တွင် မကြာမီရက်က ပျောက်ဆုံးခဲ့သော လေယာဉ်တစ်စင်း၏ အပျက်အစီးများနှင့် သေဆုံးသူ လေးဦးကို ဇန်နဝါရီ ၂ ရက်က ကယ်ဆယ်ရေးအဖွဲ့များ ရှာဖွေတွေ့ရှိခဲ့သည်။**

- *သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တွင် ဇန်နဝါရီ ၂ ရက် နံနက်ပိုင်းက ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ လေးဦးသေဆုံးပြီး ၂၈ဦး ဒဏ်ရာရရှိခဲ့သည်။*

- **အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ် လူမာဂျန်မြို့အနီး ဘွန်ဒိုယူဒိုမြစ်အတွင်း ဇန်နဝါရီ ၂ ရက် နံနက်က စက်လှေတစ်စင်း နစ်မြုပ်ခဲ့ရာ လေးဦးသေဆုံးပြီး ရှစ်ဦး ပျောက်ဆုံးလျက်ရှိသည်။**

- *တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း စင်ကျင်းအူဂါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဇန်နဝါရီ ၂ ရက်က ဆီးနှင်းများထူထပ်သိပ်သည်းစွာ ကျဆင်းနေသဖြင့် လေယာဉ်ခရီးစဉ်များ ဖျက်သိမ်းထားရသည်။*

- **နီပေါနိုင်ငံအလယ်ပိုင်း ချစ်ဝမ်မြို့တွင် နောက်တွဲ မော်တော်ယာဉ်တစ်စီး ဇန်နဝါရီ ၂ ရက်က တိမ်းမှောက်ခဲ့ရာ နှစ်ဦးသေဆုံးပြီး ၂၈ဦး ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သည်။**

- *ပါပူဝါးနယူးဂီနီနိုင်ငံ အရှေ့ဘက်ကမ်းလွန်တွင် ဇန်နဝါရီ ၁ ရက်က အင်အားရစ်ချ်တာစကေး ၆ ဒသမ ၁ ရှိ အင်အားပြင်း ငလျင်လှုပ်ခဲ့ရာ ပါပူဝါးနယူးဂီနီနိုင်ငံ အရှေ့ဘက်ကမ်းရိုးတန်းဒေသရှိ ကျေးရွာများနှင့် မြို့များ၌ အဆောက်အအုံများ ပြိုကျပျက်စီးခဲ့ရသည်။*

- **ဖိလစ်ပိုင်နိုင်ငံ မက်ဘိုက်လေဆိပ်တွင် ဇန်နဝါရီ ၂ ရက် နံနက်က ခရီးသည် ၄၃ ဦးတင်ဆောင်လာသော လေယာဉ်ငယ်တစ်စင်း အဆင်း၌ အရှိန်လွန်ပြီး ပြေးလမ်းချော်မှုဖြစ်ပွားခဲ့သည်။**

- *ချီလီနိုင်ငံတောင်ပိုင်းရှိ လီအီမာမီးတောင်သည် ဇန်နဝါရီ ၂ ရက်က ပေါက်ကွဲမှုဖြစ်ပွားရာ အနီးပတ်ဝန်းကျင်၌ နေထိုင်သော ဒေသခံပြည်သူ ၁၅၀ ကျော်အား ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။* **(အပေါ်ပုံ)**

နိုင်ငံတကာ မှုခင်း

သီတာရေမြေဆုံးစေတော့

အချိန်ကား ၁၉၇၁ ခုနှစ်၊ နိုဝင်ဘာ ၂၄ ရက်ည ...

အမေရိကန်နိုင်ငံ အနောက်မြောက်ပိုင်း အော်ရီဂွန်ပြည်နယ်ရှိ ပို့ထ်လန်းဒ်မြို့ကလေးသည် ညသရုပ်ကိုဖော်လျက်ရှိသည်။ နေ့ခင်းက လူသွားလူလာတို့ဖြင့် အတော်အတန်စည်ကားသော မြို့ကလေးသည် ည ၉ နာရီခွဲကျော်ခဲ့ပြီမို့ တစ်စထက်တစ်စ တိတ်ဆိတ်လာသည်။ မဟူရာည မင်းသမီးသည် တစ်မြို့လုံးကို ၎င်း၏ ခြုံလွှာအနက်ရောင်ဖြင့် လွှမ်းခြုံထားလျက်ရှိသည်။

သို့ရာတွင် အဆိုပါ ညသရုပ်နှင့် ဆန့်ကျင်နေသည်ကား ယင်းမြို့ရှိ လေဆိပ်ပင်ဖြစ်သည်။ ယင်းလေဆိပ်တွင် ညအမှောင်နှင့် ဆန့်ကျင်စွာ မီးများက ထိန်ထိန်လင်းလျက်ရှိသည်။ ည ၁၀ နာရီတွင် ပို့ထ်လန်းဒ်မြို့မှ အမေရိကန်နိုင်ငံ ဒဗလျူစီဝါရှင်တန်ဒေသရှိ ဆီတဲလ်မြို့ကလေးသို့သွားမည့် ခရီးစဉ်တွင် လိုက်ပါမည့် ခရီးသည်များက ထွက်ခွာရန် အချိန်နီးကပ်လာပြီမို့ ကြိုတင်ပြင်ဆင်နေကြရာ လေဆိပ်ခန်းမဆောင်တစ်ခုလုံး လှုပ်လှုပ်ရှားရှားဖြင့် အသက်ဝင်နေသည်။

ဝင်ရောက်လာ

ထိုအချိန်တွင် အရပ်မြင့်မြင့် ထောင်ထောင်မောင်းမောင်း၊ ကိုယ်လုံးကိုယ်ထည် တောင့်တင်းကာ ယောကျ်ားပီသ ခံ့ညားပြီး အနောက်တိုင်းဝတ်စုံကို သေသပ်ကျနစွာ ဝတ်ဆင်ထားသူ အမျိုးသားတစ်ဦး လေဆိပ်ခန်းမအတွင်းသို့ ဝင်ရောက်လာခဲ့သည်။ လေယာဉ်ထွက်ခွာရန် နီးကပ်နေသော်လည်း အလျင်စလို သုတ်သီးသုတ်ပျာမရှိ၊ တည်ငြိမ်သည်။ ဆံပင်ကို ညာဘက်သို့ သေသပ်စွာဖြီးသင်ထားပြီး မျက်နှာတွင် မျက်မှန်အနက်တစ်လက် တပ်ဆင်ထားသည်။ လက်တွင်လည်း ခရီးဆောင် လက်ဆွဲသေတ္တာကလေးတစ်လုံး ပါလေသည်။ လေဆိပ်ရှိ အခြားခရီးသည်များသည် လေယာဉ်ထွက်ခါနီးပြီဖြစ်သဖြင့် လေယာဉ်စီးရန် ပြင်ဆင်နေကြသောကြောင့် ၎င်းဝင်ရောက်လာသည်ကို သတိမမူမိခဲ့ကြပေ။ လေယာဉ်ထွက်ချိန်တွင် ၎င်းအမျိုးသားသည်လည်း အခြားခရီးသည်များနှင့်အတူ လေယာဉ်ပေါ်သို့ ရောနှောလိုက်ပါသွားတော့သည်။

လိုက်ပါလာကြ

လေယာဉ်စထွက်ချိန်တွင် အချိန်အခါမဟုတ်ဘဲ မိုးဖွဲကလေးများကျကာ မိုးရွာစပြုလာသည်။ မိုးသည် ဖွဲရာမှ သည်းလာသည်။ ခရီးသည်များသည် လေယာဉ်ပေါ်တွင် နေသားတကျ နေရာယူပြီးသည်နှင့် အိပ်သူက အိပ်၊ မှိန်းသူက မှိန်း၊ စာဖတ်သူက ဖတ်ဖြင့် အသီးသီး ၎င်းတို့၏ ဆန္ဒအတိုင်း လွတ်လပ်စွာနေထိုင်ရင်း သက်သောင့်သက်သာ စီးနင်းလိုက်ပါလာခဲ့ကြသည်။ မကြာမီအချိန်တွင် ၎င်းတို့အနေဖြင့် ထိတ်လန့်ကြောက်ရွံ့ တုန်လှုပ်ဖွယ်ကောင်းသော ဖြစ်ရပ်ကို တွေ့ကြုံခံစားရမည်မှန်း မသိကြသောကြောင့် အပူအပင်ကင်းမဲ့စွာ စီးနင်းလိုက်ပါလာခဲ့ကြသည်။

လေယာဉ်မောင်းသည်လည်း ဆီတဲလ်မြို့သို့ ဦးတည်ပျံသန်းမောင်းနှင်လျက်ရှိသည်။ လေယာဉ်သည် ဆီတဲလ်မြို့သို့ ဆိုက်ရောက်ရန် နာရီဝက်ခန့်မျှအလိုတွင်မူ လေယာဉ်မောင်းနှင်သူ၊ လေယာဉ်ဝန်ထမ်းများနှင့် ခရီးသည်များအားလုံး မထင်မှတ်သောအဖြစ်နှင့် ကြုံတွေ့ကြရတော့သည်။

ပြန်ပေးဆွဲ

အကြောင်းမှာ ပို့ထ်လန်းဒ်၌ လေယာဉ်ထွက်ခါနီးမှ ရောက်လာခဲ့သော အမျိုးသားက သူ့ကိုယ်သူ ဒန်ကူးပါးခေါ် ဒီဘီကူးပါးဟု အော်လံကလေးဖြင့် အော်ဟစ်ကာ ၎င်းတွင် ဒိုင်းနမိုက်ပါလာကြောင်း ပြောကြားပြီး လေယာဉ်ကို ပြန်ပေးဆွဲခဲ့သည်။ ထို့နောက် အမေရိကန်ဒေါ်လာနှစ်သိန်းနှင့် လေထီးလေးခုကို တောင်းဆိုရယူကာ လေယာဉ်ကို မက္ကဆီကိုနိုင်ငံသို့ ဦးတည်ပျံသန်းစေခဲ့သည်။ သို့သော်လည်း ဝါရှင်တန်အနောက်တောင်ပိုင်းဒေသအရောက်တွင် အဆိုပါ အမျိုးသားသည် လေယာဉ်၏နောက်ပိုင်း ထွက်ပေါက်မှ လေထီးနှစ်ခုနှင့်အတူ ခုန်ချသွားခဲ့သည်။

မအောင်မြင်

ယင်းသို့ဖြစ်ပျက်ပြီးနောက် တာဝန်ရှိသူများက ကူးပါးကို ဖမ်းဆီးနိုင်ရန် ကြိုးပမ်းသော်လည်း မအောင်မြင်ခဲ့ပေ။ သို့သော်လည်း ၁၉၈၀ ပြည့်နှစ်တွင် ကိုလံဘီယာမြစ်ကမ်းဘေးတွင် လမ်းလျှောက်သွားသူ ယောကျ်ားကလေးတစ်ဦးက ရိုပြဲနေပြီဖြစ်သော ဒေါ်လာ ၂၀ တန် တန်ဖိုးငွေ ဒေါ်လာ ၅၈၀၀ ကို တွေ့ရှိခဲ့သည်။ ယင်းတွေ့ရှိချက်ကို အခြေခံ၍ ကူးပါးသည် မြစ်ညာဘက်တွင် မြေပြင်သို့ ဆင်းသက်ခဲ့သည်ဟု ယူဆချက်ကို ဇလဗေဒပညာရှင်က ဖော်ထုတ်နိုင်မည်ဟု ယုံကြည်ခဲ့ကြသည်။

ထို့ကြောင့် ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် ကူးပါး၏ ပုံတူကို ဖြန့်ဝေကာ ကူးပါးမည်သူဖြစ်ပြီး လေယာဉ်ပေါ်မှခုန်ချပြီးနောက် အသက်ရှင်လျက်ရှိ မရှိနှင့် ၎င်း၏ သတင်းနှင့်ဓာတ်ပုံများကို ပေးနိုင်ပါက ပေးရန် အက်ဖ်ဘီအိုင်က သတင်းများတွင် ဖော်ပြခဲ့သည်။ ကူးပါးသည် ပင်ကိုကပင် လေထီးခုန်ရာတွင် အတွေ့အကြုံရှိနိုင်ကြောင်း၊ ခုန်ချချိန်တွင် မှောင်မိုက်ပြီး မိုးသည်းနေသဖြင့် အသက်ရှင်နိုင်ချေနည်းပြီး လေယာဉ်ပျံသန်းနေသည့် လမ်းကြောင်းကို မသိကြောင်း၊ လေယာဉ်နောက်ပိုင်း ထွက်ပေါက်ကိုလည်း သိနိုင်စရာမရှိကြောင်း ထိတ်လန့်ဖွယ်အခြေအနေတွင် ပိတ်ထားသော လေထီးသည်လည်း ပွင့်မည်မဟုတ်ကြောင်း ဖော်ပြခဲ့သည်။ သို့သော်လည်း ၎င်း၏ ခန္ဓာကိုယ်ဖွဲ့စည်းမှု၊ လေထီးခုန် အတွေ့အကြုံများနှင့် ၂၀၀၁ ခုနှစ် ဒီအင်န်အေစစ်ချက်များအရ ၁၉၈၀ ပြည့်နှစ်က တွေ့ရှိချက်များကို အခြေခံလျက် ကူးပါးကို တစ်ကျော့ပြန် ရှာဖွေခဲ့ကြသည်။

တွေ့အောင်ရှာမယ်

ယခုဖြစ်ရပ်တွင် အက်ဖ်ဘီအိုင်အဖွဲ့အနေဖြင့် သီတာရေမြေဆုံးစေတော့ တွေ့အောင်ရှာမယ် ဟူသောထုံးကို နှလုံးမူလျက် စုံနံ့သာမြိုင်ရှာပုံတော်ဖွင့်ကြတော့မည်ဖြစ်သည်။ ကူးပါးကို ဖမ်းမိ၊ မမိကိုမူ အချိန်ဟူသော သမားတော်က ဆုံးဖြတ်သွားမည်ဖြစ်ပေသည်။ ။

ကိုးကားရေးဖွဲ့သူ-ချစ်စိုးနိုင်

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်တံခွန်စိုက်ဒိုင်း

သေနတ်ပစ်ပြိုင်၊ ဆုချီးမြှင့်ပေး

ရန်ကုန် ဇန်နဝါရီ ၂

၂၀၀၇ ခုနှစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်တံခွန်စိုက်ဒိုင်း(စစ်သုံး) သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၂ရက် နံနက် ၉နာရီက တောင်ကြီးမြို့နယ် တောင်လေးလုံးသင်တန်းကျောင်း စက်ပစ်ကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ်ကိုယ်စား ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ညွန့်ဝင်းက အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သောင်းအေးက ဖွင့်ပွဲအခမ်းအနားအထိမ်းအမှတ်အလံအား သေနတ်ပစ်ဖောက်၍ ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ပါဝင်သော သေနတ်ပစ်ပြိုင်ပွဲကို ဆက်လက်ကျင်းပပြီး ပြိုင်ပွဲ၌ ဆုရရှိသူများအား တိုင်းမှူးက ဆုများပေးအပ် ချီးမြှင့်သည်။ ထို့နောက် ပြည်နယ်နှင့်တိုင်း ပြိုင်ပွဲကို ဆက်လက်ကျင်းပပြီး ဒီဇင်ဘာ ၂၃ ရက် မွန်းလွဲ ၂နာရီ ၁၅မိနစ်က ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်က ပထမဆု၊ ကယားပြည် ရဲတပ်ဖွဲ့က ဒုတိယဆုနှင့် ရန်ကုန်တိုင်းရဲတပ်ဖွဲ့က တတိယဆု ရရှိကြကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

မိဘနှစ်ပါးအား ရည်စူး၍ တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ်ကွက် အမှတ် ၂၈၄ ဗညားဒလလမ်းနေ ဆရာဦးမောင်မောင်တီ (သင်္ချာ) ညီအစ်ကိုမောင် နှ မ များက တာမွေ မြို့နယ် မေတ္တာညွန့်ရပ်ကွက် သီရိမင်္ဂလာ ဘုန်းတော်ကြီးသင် ပညာရေး ကျောင်း ရှိ ကျောင်းသားကျောင်းသူများအတွက် အာဟာရအလှူနှင့် ပညာဒါနအလှူငွေများ ပေးအပ်လှူဒါန်းရာ ပဓာနနာယက ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တ အဂ္ဂဝံသ (မဟာသဒ္ဓမ္မဇောတိကဓဇ)ထံမှ အနုမောဒနာ ရေစက်ချတရားနာယူပြီး ကျောင်းအကျိုးတော်ဆောင်က လက်ခံယူစဉ်။ (က-ပ)

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒေါပုံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ကလေးပြိုင်ပွဲနှင့် သားကောင်းမိခင်ပြိုင်ပွဲကို ဒီဇင်ဘာ ၂၈ ရက်တွင် မိခင်ကလေးသားဖွားခန်း၌ ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မာလာလွင်နှင့် အဖွဲ့ဝင်များ ကြီးကြပ်ကြည့်ရှုအားပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် သဃ်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ ၂၉ ရပ်ကွက် အားကစားပြိုင်ပွဲဖွင့်ပွဲကို ဒီဇင်ဘာ ၂၅ ရက်၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က အမှာစကားပြောကြားစဉ်။ (က-ပ)

ရှင်၂၀၀၀ ရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာ အထိမ်းအမှတ် ဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းကျင်းပသော ရှင်၂၀၀၀ ရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာကို ၂၀၀၇ခုနှစ် မတ်၃၁ရက်က မကွေးတိုင်း ချောက်မြို့နယ်နှင့် မြန်မာ့ယဉ်ကျေးမှုနယ်မြေ ပုဂံဒေသတို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ခြင်း အထိမ်းအမှတ်အဖြစ် ဓာတ်ပုံပြိုင်ပွဲတစ်ရပ်ကို မြန်မာနိုင်ငံဓာတ်ပုံအသင်း၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပသွားမည်ဖြစ်သည်။

ထိုက်တန်စွာချီးမြှင့်

ပထမဆုကို ငွေကျပ်သုံးသိန်း၊ ဒုတိယဆုကို ငွေကျပ်နှစ်သိန်း၊ တတိယဆုကို ငွေကျပ်တစ်သိန်းနှင့် နှစ်သိမ့်ဆုငါးဆုအတွက် ငွေကျပ်ငါးသောင်းစီတို့ကို ထိုက်တန်စွာ ချီးမြှင့်မည်ဖြစ်သည်။

ကြေညာပေးမည်

ပြိုင်ပွဲဆုရရှိသူများကို မကြာမီကြေညာပေးမည်ဖြစ်ပြီး ၂၀၀၈ ခုနှစ် ဇန်နဝါရီ တတိယပတ်တွင် ကျင်းပမည့်မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အစည်းအဝေးတွင် ဆုများချီးမြှင့်မည်ဟု သိရသည်။ (က-ပ)

အရှင်ဇဝန(မေတ္တာရှင်-ရွှေပြည်သာ) ဆရာတော်၏ ဇန်နဝါရီလ တရားပွဲ

ရန်ကုန် ဇန်နဝါရီ ၂

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် မန္တလေးကျောင်းတိုက် ဆရာတော် အရှင်ဇဝန (မေတ္တာရှင်-ရွှေပြည်သာ) သည် ဇန်နဝါရီ ၃ရက်မှ ၅ရက်အထိ အထက်မင်းလှ၊ ၆ရက်တွင် ဒေါပုံ ယမုံနာ၊ ၇ရက်မှ ၉ရက်အထိ ဒိုက်ဦးမြို့၊ ၁၀ရက်တွင်ပဲခူး၊ ၁၁ရက်တွင် ကန်ကြီးဒေါင့်၊ ၁၂ရက်တွင် တောင်ဥက္ကလာပနှင့်သုဝဏ္ဏမြို့၊ ၁၃ရက်နှင့် ၁၄ရက်တို့တွင် ဗိုလ်ချိုရပ်ကွက် ဇဟန်း ဓမ္မပီတိ၊ ၁၅ရက်နှင့် ၁၆ရက်တို့တွင် မော်လမြိုင်၊ ၁၇ရက်နှင့် ၁၈ရက်တို့တွင် ချောင်းဆုံ၊ ၁၉ရက်နှင့် ၂၀ရက်တို့တွင် မွန်ပြည်နယ် အိန္ဒြ၊ ၂၁ရက်တွင် လမ်းမတော် ၇လမ်း၊ ၂၂ရက်တွင် လင်းလွန်းပင် စမ်းချောင်း၊ ၂၃ရက်တွင် ရန်ကင်း၊ ၂၄ရက်တွင် ရွှေပြည်သာ၊ ၂၅ရက်တွင် စမ်းချောင်းမြို့နယ်နှင့် ကြည့်မြင်တိုင်မြို့နယ်၊ ၂၆ရက်တွင် စမ်းချောင်း၊ ၂၇ရက်တွင် စမ်းချောင်းနှင့်ကျောက်မြောင်း၊ ၂၈ရက်နှင့် ၂၉ရက်တို့တွင် မင်းလှအိုးသည်ကုန်း၊ ၃၀ရက်တွင် သုဝဏ္ဏမီးဒုံး၁လမ်း၊ ၃၁ရက်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)နှင့် ရွှေပြည်သာမြို့နယ်တို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်သည်။ **(က-ပ)**

ဘိန်းအစားထိုးသီးနှံနှင့် မွေးမြူရေးကြက်၊ ဝက် လင်းခေးမြို့ တောင်ပေါ်ကျေးရွာများတွင် ပေးအပ်

လင်းခေး ဒီဇင်ဘာ ၂၀

လင်းခေးမြို့နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့မှ လွိုင်လုံ(ပန်တဝိ)တောင်ပေါ်ဒေသရှိ ကျေးရွာကိုးရွာအား ဘိန်းအစားထိုးသီးနှံနှင့် မွေးမြူရေးကြက်၊ ဝက်များပေးအပ်သည့် အခမ်းအနားကို ဒီဇင်ဘာ ၁၁ရက် မွန်းတည့် ၁၂နာရီက နွယ်ဝတီခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးအုန်းမြင့်နှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းမြင့်အောင်တို့က အမှာစကားပြောကြားကြပြီး မြို့နယ်ဥက္ကဋ္ဌဦးတင်စိုးက ဘိန်းအစားထိုးသီးနှံအား ပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပေးအပ်

ဆက်လက်ပြီး လွိုင်လုံဒေသ ပန်တဝိရွာအပါအဝင် ရွာပေါင်းကိုးရွာမှ ကျေးရွာဥက္ကဋ္ဌများထံ တောင်ယာစပါး၂၅ တင်း၊ ပဲပုပ်စေ့ ၁၄တင်း၊ ကြက်အကောင် ၂၈၀နှင့် ဝက် ၃၂ ကောင်တို့ကို တာဝန်ရှိသူများက ပေးအပ်ကြသည်။**(အပေါ်ပုံ)**

စုစုပေါင်းတန်ဖိုး

ယင်းနေ့က ပေးအပ်ခဲ့သော ဘိန်းအစားထိုးသီးနှံနှင့် မွေးမြူရေး ကြက်၊ ဝက်တို့၏ တန်ဖိုးငွေစုစုပေါင်းမှာ ငွေကျပ် ၁၁၉၂၀၀၀ ရှိကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မူးယစ်ကင်းစင် အလှဆင်

ကြာနီကန် ဦးရေဝတ(ဝါးခယ်မ)တရားပွဲ

ရန်ကုန် ဇန်နဝါရီ ၂

ဇဟန်းမြို့နယ် အလယ်ရွှေဂုံတိုင် လိပ်ပြာကန် ကြာနီကန်ကျောင်းတိုက်၏ ဦးစီးပဓာန နာယက နိုင်ငံကျော် ဓမ္မကထိက ကြာနီကန်ဆရာတော် ဦးရေဝတ (ဝါးခယ်မ) သည် ဇန်နဝါရီ ၆ရက်တွင် ကန်တော်ကလေး ၉၁ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ၈ရက် နှင့် ၉ ရက် တို့တွင် ရွှေပြည်သာ ပန်းခြံ၊ (၁၉/က)ရပ်ကွက် ရွှေပြည်သာ မြို့နယ်၊ ၁၀ရက်တွင် ရေအုဋ်ကံဈေး လှိုင်သာယာ၊ ၁၂ရက်တွင် ပန်းလှိုင် ပိဋကပတ်နေ့စဉ် ဆွမ်းလောင်းအသင်း ပဲခူး၊ ၁၃၊၁၄နှင့်၁၅ရက်တို့တွင် ဥသျှစ်လှစေတီရင်ပြင် ညောင်တုန်းမြို့၊ ၁၆ရက်တွင် ကန်တော်ကလေး မန္တလေးလမ်း မင်္ဂလာတောင်ညွန့်၊ ၁၇ရက်တွင် ဥဏ္ဏဇလစာသင်တိုက် စာပြန်ပွဲ ပဲခူးမြို့နှင့် ၁၈ရက်တွင် ၁၀/၃၃ ရွှေပြည်သာ မြဝတ်ရည်လမ်း စနေဆွမ်းလောင်းအသင်း ဓမ္မာရုံတို့တွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ပြီး ဖုန်း- ၀၁-၅၅၈၂၉၇၊ ၀၉-၅၀-၃၃၅၈၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

ဒီဇင်ဘာ ၁၉ ရက်က ရန်ကုန်တိုင်း အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး မြောက်ဥက္ကလာပတွင် ဆေးဝါးကုသမှု ခံယူလျက်ရှိသော လူနာများအတွက် မြို့နယ်သွေးလှူရှင်အသင်းမှ ဦးဆောင်၍ ရွှေပေါက်ကံမြို့သစ် မေတ္တာမွန်သွေးလှူရှင်အသင်း ဝေဘာဂီမြို့သစ် အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ စုပေါင်း၍ (၁၃၃)ကြိမ်မြောက် သွေးလှူဒါန်းကြရာ ဆေးရုံအုပ်ကြီးဒေါက်တာချစ်ကိုတင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ကျော်ညွန့်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြစဉ်။ (က-ပ)

3-1 (12) 1 1/3/08, 2:42 AM

အမည်ပြောင်း
ကောလင်းမြို့ အထကမှ အလယ်တန်းပြဆရာမ ဒေါ်ခင် ၅/ကလတ(နိုင်) ဝ၀၄၈၃၉ အား ဒေါ်စိန်ခင် ၅/ကလတ(နိုင်)ဝ၀၄၈၃၉ ဟု ပြောင်းလဲခေါ်ပါရန်။

ရာပြည့်စာအုပ်ဆိုင်
(၉)နှစ်ပြည့် အထိမ်းအမှတ်
အထူးလျှော့ဈေး စာအုပ်ရောင်းပွဲ
(၂၀၀၈ ဇန်နဝါရီ ၅ ရက်မှ ၁၁ ရက်အထိ)
ရာပြည့်နှင့် ဖူးပွင့်ဝေဝေတိုက်ထုတ်– လက်လီ ၁၅ %၊
ကိုယ်စားလှယ်များ ၂၀ %နှင့် အခြားတိုက်ထုတ် ၁၀ %လျှော့ဈေး။
နေရာ – ၃၅ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်။
– အင်းစိန်လမ်းမကြီးနှင့် ဧယျာသီရိလမ်းထောင့်၊
လှည်းတန်းမှတ်တိုင်အနီး။ [အချိန်–နံနက် ၉ နာရီမှ ညနေ ၅ နာရီ]

၂၀၀၈ ခုနှစ်တက္ကသိုလ်ဝင် စာမေးပွဲ ဖြေမှာလား?
နိုင်ငံရပ်ခြား ပညာသင်သွားမှာလား?
ဘာသာရပ်တိုင်းမှာ ထူးထူးချွန်ချွန် အောင်မြင်လိုပါသလား?
လေ့လာ၊ ဖတ်မှတ်၊ ဖြေဆိုနည်း၊ လမ်းညွှန်များပါဝင်သော
ပန်းတိုင် ပညာရေးမဂ္ဂဇင်း ထွက်ပြီ
အမှတ် ၂၊ ၂၀၀၈ –ဇန်နဝါရီလထုတ်
နီးရာဆိုင်မှာ မြေးဝယ်ပါ၊ မေးဝယ်ပါ။
အမှတ် ၂၃၂ (မြေညီ)၊ ၃၉ လမ်း(အထက်)၊ ရန်ကုန်မြို့။
ဖုန်း ဝ၁ – ၂၄၅၆၁၈၊ ၄၄၁၃၂၂၅၉၊ ၂၄၅၆၂၁၊ ၂၄၉၆၀၇

KMD (လှည်းတန်း) Since 1986
:: i-Office :: Graphics Design :: Desktop Publishing
:: Email & Web Design :: Practical A+ :: Basic Software Engineering
:: Advanced Software Engineering :: LCCI Computerised Accounting
အခြေခံမှစ၍ နိုင်ငံတကာအဆင့်ထိ ကွန်ပျူတာပညာရပ်များ သင်ကြားတတ်မြောက်လိုလျှင် KMD နှင့်ဆက်သွယ်ပါ။
ကွန်ပျူတာသင်တန်းများ သင်တန်းအပ် လက်ခံနေပါပြီ။
KMD (လှည်းတန်း-၁) အခန်း ၃၀၊ ပထမထပ်၊ တိုက် ၁၊ စီမံကိန်းအိမ်ရာ (၁)၊ အင်းစိန်လမ်း၊ လှည်းတန်း၊ ကမာရွတ်၊ ဖုန်း - ၅၂၄၄၀၀/ ၅၀၅၁၉၉ KMD (လှည်းတန်း-၂) ၁၅(ခ) စတုတ္ထထပ်၊ အင်းစိန်လမ်းနှင့် ဦးထွန်းလင်းခြံလမ်းထောင့်၊ လှည်းတန်း၊ ကမာရွတ်၊ ဖုန်း - ၅၀၂၂၁၁

✻ ကျောဖုံးမှ

အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာနနှင့် အနုပညာဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ညောင်ဦးခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အနုပညာဦးစီးဌာနမှ မင်္ဂလာဆိုင်းနှင့်စည်တော်အဖွဲ့၊ စောင်း တူရိယာအဖွဲ့၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က ပထမမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့သည့် အနော်ရထာမင်းမြတ်၏ ရွှေနန်းတော် ပြန်လည်တည်ဆောက်ရခြင်းနှင့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုဖွင့်လှစ်ရခြင်းတို့ကို ရှင်းလင်းပြောကြားပြီး မင်္ဂလာအချိန် နံနက် ၉ နာရီတွင် ပုဂံရွှေနန်းတော်ကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေက ပုဂံရွှေနန်းတော်ဖွင့်ပွဲ မော်ကွန်း ကမ္ပည်းကျောက်ပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီးများနှင့် ဧည့်သည်တော်များက ကမ္ပည်းမော်ကွန်းကျောက်ပြားကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြကာ ပုဂံရွှေနန်းတော်ကြီးကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ပုဂံရွှေနန်းတော်ကြီး ဖွင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်းက ပုဂံရွှေနန်းတော်ကြီး တည်ဆောက်မှုနှင့် ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေး လုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် အခြေအနေကိုရှင်းလင်းတင်ပြသည်။

ဆုငွေပေးအပ်

ဆက်လက်၍ ထူးထရေဒင်းကုမ္ပဏီက တိုင်းမှူး၊ ဝန်ကြီးများနှင့်ဧည့်သည်တော်များအား ပုဂံရွှေနန်းတော်ကြီးဖွင့်ပွဲအထိမ်းအမှတ် ဂုဏ်ပြုလက်ဆောင်များကိုပေးအပ်ပြီး အနုပညာဦးစီးဌာန မင်္ဂလာဆိုင်းနှင့်စည်တော်အဖွဲ့၊ ရာဇာဝင်းအဖွဲ့နှင့် ညောင်ဦးမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ဘင်ခရာနှင့် ပန်းဖွားအဖွဲ့တို့အား ဆုငွေများကိုပေးအပ်သည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က ထူးထရေဒင်းကုမ္ပဏီ မြန်မာမှု ဗိသုကာပညာရှင် တမွဝတီ ဦးဝင်းမောင်နှင့် ဗိသုကာပညာရှင် ဦးသော်တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများကိုပေးအပ်ချီးမြှင့်ပြီး ဖွင့်ပွဲအခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ဆက်ကပ်လှူဒါန်း

ပုဂံရွှေနန်းတော်ကြီးဖွင့်ပွဲ မစတင်မီ နံနက် ၅နာရီတွင် နိုင်ငံတော် ဩဝါဒစရိယ ညောင်ဦးမြို့ တိုက်သစ်ကျောင်း ဆရာတော် ဘဒ္ဒန္တဥက္ကံသ အမှူးပြုသော သံဃာတော်၁၈ပါးတို့အား ပင့်ဖိတ်၍ ပုဂံရွှေနန်းတော်ကြီး သီဟာသာသနဆောင်၌အရဏ်ဆွမ်းနှင့်ပိဋကတ်သုံးပုံနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

တပ်မတော်သည် နိုင်ငံတော်၏ တာဝန်ကို ယူခဲ့ပြီးနောက် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးလုပ်ငန်းများတွင် ရုပ်ပိုင်းဆိုင်ရာသာမက စိတ်ပိုင်းဆိုင်ရာယဉ်ကျေးမှု ထိန်းသိမ်းရေးအတွက် အထူး အလေးပေး ဆောင်ရွက်လျက်ရှိသည်။ ဒုတိယ မြန်မာနိုင်ငံတော်ကြီးကို စည်းရုံး တည်ထောင်ခဲ့သည့် ဘုရင့်နောင် မင်းတရားကြီး၏ ကမ္ဘောဇသာဒီနန်းတော်ကြီးကို ပဲခူးမြို့၌လည်းကောင်း၊ တတိယ မြန်မာနိုင်ငံတော်ကြီးကို စည်းရုံးတည်ထောင်ခဲ့သည့် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏ ရွှေဘုံရတနာမင်္ဂလာနန်းတော်ကြီးကို ရွှေဘိုမြို့၌ လည်းကောင်း၊ မန္တလေးမြို့တည်၊ နန်းတည် မင်းတုန်းမင်းကြီး၏ မြနန်းစံကျော် ရွှေနန်းတော်ကြီးကို မန္တလေးမြို့၌လည်းကောင်း မူဟန်မပျက် ပြန်လည်တည်ဆောက်ခဲ့ပြီး ဖြစ်သည်။

မြန်မာမှု အမွှမ်းပန်းများ

ပထမမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သည့် အနော်ရထာမင်းတရားကြီး၏ သိရီဇေယျာဘူမိ ပုဂံရွှေနန်းတော်ကြီးကို မူဟန်မပျက်ဖော်ထုတ်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ကမ္ပည်းကျောက်စာများ၊ သမိုင်းအထောက်အထားများပေါ်တွင် အခြေခံ၍ ရှေးဟောင်း သုတေသနပညာရှင်များက အနော်ရထာမင်းကြီး၏ မူလနန်းတော်ရာကို တူးဖော်သုတေသနပြုခဲ့ကာ ရရှိခဲ့သည့် ပန္နက်အထောက်အထားများ၊ နံရံပန်းချီများ၊ ပုဂံခေတ် ဗိသုကာလက်ရာများပေါ်တွင် အခြေခံ၍မြန်မာမှု ဗိသုကာပညာရှင်များက နန်းတော်ကြီး၏ နန်းဆောင်များပုံစံ၊ မြန်မာမှု အမွှမ်းပန်းများ ပုံစံတို့ကို ဒီဇိုင်းများရေးဆွဲကာ ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

တည်ဆောက်ပြီးစီးခဲ့သည့် ရွှေနန်းတော်ကြီးများအနက် ပုဂံရွှေနန်းတော်ကြီးသည် ထည်ဝါ ခံ့ညားမှု အမြင့်မားဆုံးဖြစ်သည်။ အထူးသဖြင့် ကမ္ဘာတွင်ထင်ရှားကျော်ကြားသော ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသ၌ နိုင်ငံတော်မှ ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ထားသည့် ယဉ်ကျေးမှုအမွေအနှစ် သဘာဝမြင်ကွင်း အဆောက်အအုံများနှင့် ခမ်းနားထည်ဝါသည့် ရွှေနန်းတော်ကြီးကို ပုဂံခေတ်မူဟန်အတိုင်း ပြန်လည်ဖော်ထုတ် တည်ဆောက်နိုင်ခဲ့သည့်အတွက် ပြည်ထောင်စုဖွား တိုင်းရင်းသားတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားခြင်း၊မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိမာန်ထက်သန်ခြင်းတို့၏ အထောက်အထားဖြစ်သော အဆောက်အအုံကြီးတစ်ခု ထပ်မံပေါ်ထွန်းလာခဲ့ခြင်း ဖြစ်သည်။

ထိန်းသိမ်းစောင့်ရှောက်

နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **"နိုင်ငံတော်၏ လွတ်လပ်ရေးသည် ဆုံးရှုံးရာ၌ ဖျတ်ခနဲ ဆုံးရှုံးသွားတတ်သော်လည်း ပြန်လည် ရရှိရန်အတွက်မူ အသက်သွေး ချွေး မြောက်မြားစွာပေးဆပ်၍ ကြာမြင့် ခက်ခဲစွာ ကြိုးပမ်းရတတ်ကြောင်း"** သတိပေးပြောကြားခဲ့ဖူးသည်။ ထို့ကြောင့် တိုင်းရင်းသားပြည်သူအပေါင်းတို့သည် နိုင်ငံတော်ကြီး၏ စည်းလုံးညီညွတ်မှုစွမ်းအား၊ စီးပွားရေးစွမ်းအားနှင့် ကာကွယ်ရေးစွမ်းအားများကို တည်ဆောက်တော်မူခဲ့ကြသော အနော်ရထာမင်းမြတ်၊ ဘုရင့်နောင်မင်းမြတ်နှင့် အလောင်းဘုရားမင်းမြတ်တို့၏လက်ဆင့်ကမ်းအမွေကို ခံယူကာ နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်အဖြစ်စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းတည်ဆောက်ကြရန်နှင့် ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ကြရန်အတွက် ယဉ်ကျေးမှုဝန်ကြီးဌာနက ရွှေနန်းတော်များကို ထိန်းသိမ်းစောင့်ရှောက်လျက် ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြား

၃–၁–၂၀၀၈ (ကြာသပတေးနေ့)

AM & PM

- ၇:၀၀– ၁:၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
- ၇:၀၅– ၁:၀၅ **"လမ်းမှားလမ်းမှန်"** တရားတော်(ဆရာတော် ဦးဝိနယစာရ)
- ၇:၅၀– ၁:၅၀ နိဗ္ဗာန်ဆီသို့– အမေးအဖြေများ
- ၈:၂၀– ၂:၂၀ တေးဂီတအစီအစဉ်
- ၈:၂၅– ၂:၂၅ ပြည်တွင်းအနုပညာရေးရာ
- ၈:၅၅– ၂:၅၅ Activities in the CITY
- ၉:၁၀– ၃:၁၀ တေးဂီတအစီအစဉ်
- ၉:၁၅– ၃:၁၅ ပြည်တွင်းသတင်းအကျဉ်း
- ၉:၂၅– ၃:၂၅ တေးဂီတအစီအစဉ်
- ၉:၃၀– ၃:၃၀ မူးယစ်ကင်းစင် လူ့ဘောင် တစ်ခွင် MANA ၏ရည်မှန်းချက်ပန်းတိုင် အသွင်(တတိယပိုင်း)
- ၉:၅၅– ၃:၅၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀:၀၀– ၄:၀၀ လေ့လာကြမယ် ရှမ်းရိုးရာအထည်
- ၁၀:၁၅– ၄:၁၅ မိုးလေဝသခန့်မှန်းချက်
- ၁၀:၂၀– ၄:၂၀ တေးဂီတအစီအစဉ်
- ၁၀:၂၅– ၄:၂၅ သင်ယူလေ့လာဂီတပညာ (ကိုစိုင်း) (အပိုင်း–၂၂)
- ၁၀:၅၀– ၄:၅၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၁:၀၀– ၅:၀၀ **ရှင်နှောင်းကျောင်းရောက်ပြီ** ကြည်စိုး၊ ထူးသာ၊ ချောနဝင်း၊ ယွန်းငုံဖူး (ဒါရိုက်တာ–ဦးခင်ဇော်)
- ၁၁:၁၅ –၅:၁၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁:၂၀ – ၅:၂၀ ဒါရိုက်တာကြည်စိုးထွန်း (မြင်းမိုရ်ထက်မြင့်သော မိသားစုရုပ်ရှင်ဇာတ်ဝင်တေးများ)
- ၁၁:၄၅ –၅:၄၅ ဖူးစာဖက်တို့ဆုံစည်းဖို့ရာ "မင်္ဂလာအိပ်မက် မက်ရအောင်"
- ၁၂:၀၀ – ၆:၀၀ တေးဂီတအစီအစဉ်
- ၁၂:၀၅ – ၆:၀၅ Celebrity Style (အဆိုတော် သရုပ်ဆောင် ထွန်းထွန်းနှင့် တွေ့ဆုံခြင်း)
- ၁၂:၃၅ – ၆:၃၅ ကုသစောင့်ရှောက်မနေး ပြည်သူ့အများကျန်းမာရေး (ရန်ကုန်တိုင်းရင်းဆေးရုံကြီး)
- ၁:၀၀ – ၇:၀၀ MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မိုးကုတ်ဓမ္မသဘင်

ရန်ကုန် ဇန်နဝါရီ ၂

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မှ ဓမ္မကထိက ရွှေမြင့်မိုရ်ကျောင်းတိုက် ပဓာနနာယက ဆရာတော်ဗဟုဇနဟိတဓရ ဘဒ္ဒန္တ သောဘဏ (ဒီဃနိကာယကောဝိဒ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ) သည် တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပါရမီလမ်းရှိ ရွှေမြင့်မိုရ်ကျောင်းတိုက်၌ ဇန်နဝါရီ ၁၈ရက်မှ ၂၇ရက် အထိ မိုးကုတ်ဆရာတော်ကြီး၏ဥပနိဿယအတိုင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။

သို့ဖြစ်ရာ ယောဂီအသစ်များ ဇန်နဝါရီ ၇ရက်မှစ၍ စာရင်းပေးသွင်းနိုင်ပြီး ယောဂီအဟောင်းများ ဇန်နဝါရီ ၁၅ရက်နောက်ဆုံးထား၍ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း–၀၁–၅၇၂၁၅၈သို့ဖြစ်စေ နောက်ဆုံးထားစာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ပြည်လမ်းမကြီး ခေတ္တပိတ်ထားမည်

ရန်ကုန် ဇန်နဝါရီ ၂

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ ရန်ကုန်မြို့တော် အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကို ဇန်နဝါရီ ၄ရက်တွင် ပြည်သူ့ရင်ပြင်၌ ကျင်းပစဉ်ကာလအတွင်း နံနက် ၄နာရီမှ ၉ နာရီအထိ ပြည်သူ့ရင်ပြင်ရှေ့ အလုံလမ်းနှင့် ရှင်စောပုလမ်းအကြား ပြည်လမ်းမကြီးအား ခေတ္တပိတ်ထားမည် ဖြစ်ပါ၍ ခရီးသွားပြည်သူများအနေဖြင့် ဖော်ပြပါ အချိန်အတွင်း အခြားလမ်းကြောင်းမှ ရှောင်ကွင်းမောင်းနှင်နိုင်ပါရန် အသိပေးထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၃–၁–၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
- ၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၂၀ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၃၀ ၄။ မြန်မာသံစဉ်ချိုနှာဝင်
- ၄:၄၅ ၅။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၅:၀၀ ၆။ အမျိုးသားရေးတေးကဗျာ
- ၅:၂၀ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- ၅:၃၀ ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ ကာတွန်းအစီအစဉ် **ငါးကလေးရဲ့စွန့်စားခန်း** (အပိုင်း–၁၀)
- ၆:၃၅ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆:၄၀ ၁၄။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပုံရိပ်ပမာ** (အပိုင်း–၅၈)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ ကုန်သွယ်သုတ
- ၂၀။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သိမ်းငှက်သူ့ရဲကောင်း** (ဒုတိယတွဲ) (အပိုင်း–၂၀)

ပဲခူး၌မီးလောင်

ရန်ကုန် ဇန်နဝါရီ ၂

ပဲခူးတိုင်း ပဲခူးမြို့ ကျွန်းသာယာရပ်ကွက် မင်္ဂလာလမ်း၌ ဇန်နဝါရီ ၁ရက် နံနက် ၂ နာရီ မိနစ် ၂၀ က ပျဉ်ထောင်၊ ပျဉ်ခင်း၊ သွပ်မိုး၊ နှစ်ထပ်နေအိမ်တွင် ဖယောင်းတိုင်မီးမှတစ်ဆင့် မီးလောင်မှုကြောင့် အိမ်တစ်လုံး မီးလောင်ဆုံးရှုံးပြီး အိမ်ထောင်စုတစ်စု၊ အမျိုးသားသုံးဦး၊ အမျိုးသမီး သုံးဦး ပေါင်းခြောက်ဦး အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့သည်။ **(သတင်းစဉ်)**

ပြည်မြို့နယ်၌ ကျေးလက် ကျောက်ချောလမ်းဖွင့်

ပြည် ဒီဇင်ဘာ ၂၇

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပြည်-အောင်လံလမ်းမှ နဖားအင်း-ကြခတ် ကျောက်ချောလမ်း ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၈ နာရီခွဲက ကျင်းပသည်။

အခမ်းအနားတွင် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးလက်ပြည်သူများ တက်ရောက်၍ ပဲခူးတိုင်း(အနောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးစိုးလွင်နှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ခင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)** အဆိုပါအခမ်းအနားသို့ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်တို့ တက်ရောက်ချီးမြှင့်ကြသည်။ **(မြို့နယ် စည်ပင်)**

စာဆိုတော်နေ့ ကျပန်းစကားပြော စွမ်းရည်ပြိုင်ပွဲ ပခုက္ကူ၌ဆုချီးမြှင့်

ပခုက္ကူ ဒီဇင်ဘာ ၂၄

၁၃၆၉ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် ကျပန်းစကားပြော စွမ်းရည်ပြိုင်ပွဲကို ဒီဇင်ဘာ ၁၆ရက် မွန်းလွဲ ၂နာရီက ပခုက္ကူမြို့နယ် မီးသွေးကန်ကျေးရွာ အမက(၆၁) ကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ဝင်းနှင့် ဝန်ထမ်းများ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်ငွေးနှင့် အဖွဲ့ဝင်များ၊ စာကြည့်တိုက်ကော်မတီဝင်များ၊ ကျောင်းအုပ်ကြီး ဦးတင်ဝင်းနှင့် ကျောင်းသား ကျောင်းသူများ၊ ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

ဆုချီးမြှင့်

ယင်းနောက် ကျပန်းစကားပြော စွမ်းရည်ပြိုင်ပွဲကျင်းပရာ အနန္တဂုဏ်ရည် ခေါင်းစဉ်ဖြင့် မယုယုတင်က ပထမ၊ ဇာတိမာန် ခေါင်းစဉ်ဖြင့် မောင်သိန်းညွှန့်ဝင်းက ဒုတိယ၊ ပညာတန်ဆောင် အလင်းရောင် ခေါင်းစဉ်ဖြင့် မဝင်းဝင်းမော်က တတိယဆုများရရှိကြရာဆုများကို ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ဝင်း **(ယာပုံ)**နှင့် မြို့နယ်ဦးစီးမှူး ဒေါ်ဝင်းမေတို့က ဆုပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်မာစိုက်ခင်းများ တည်ထောင်ရေးဆွေးနွေး

ဖားကန့် ဒီဇင်ဘာ ၂၇

ကချင်ပြည်နယ် ဖားကန့်မြို့နယ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပုဂ္ဂလိကသစ်မာစိုက်ခင်းများ တည်ထောင်ရေးအတွက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၆ရက်က ဖားကန့်မြို့ ဗျူဟာကုန်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်နယ်သစ်တော ဦးစီးဌာန ညွှန်ကြားရေးမှူးက ဖားကန့်မြို့ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ရှင်းလင်းပြောကြားပြီး ကုမ္ပဏီများကိုယ်စား ရှယ်ဖယ်မလီ ကုမ္ပဏီလီမိတက်မန်နေဂျာ ဦးချစ်ဆွေက မိမိတို့ ကုမ္ပဏီများစုပေါင်း၍ ၂၀၀၈ ခုနှစ် မိုးရာသီမှစတင်ပြီး သစ်ပင်စိုက်ပျိုးပွဲများ စဉ်ဆက်မပြတ် ပြုလုပ်သွားမည့်အကြောင်း တင်ပြဆွေးနွေးသည်။ **(၄၁၆)**

လှိုင်လင်ခရိုင် ပြန်/ဆက်ဦးစီးဌာန ဝန်ထမ်းများ စာဖတ်ဝိုင်းဆွေးနွေး

လှိုင်လင် ဒီဇင်ဘာ ၂၀

လှိုင်လင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဝန်ထမ်းများ၏ စာဖတ်ဝိုင်းကို နိုဝင်ဘာ ၂၉ရက် နံနက် ၁၀နာရီခွဲက အဆိုပါရုံးခန်းမ၌ ကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းမော်က စာဖတ်ဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ဖတ်ကြားသည်။

ဖတ်ကြား

ထို့နောက် စာဖတ်ဝိုင်းတွင် နိုဝင်ဘာ ၂ ရက်ထုတ် မြန်မာ့အလင်း သတင်းစာပါ ရွှေ၏ ဝေးဝေးနေတာ အကောင်းဆုံးပါ ဆောင်းပါး၊ နိုဝင်ဘာ ၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက မြန်မာနိုင်ငံရှိ ကုလသမဂ္ဂဌာနေ ကိုယ်စားလှယ်များအဖွဲ့၏ ထုတ်ပြန်ချက်နှင့်စပ်လျဉ်း၍ အခြေအနေမှန်များကို ရှင်းလင်းသည့် အခမ်းအနားသတင်း၊ နိုဝင်ဘာ ၇ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဆောင်းပါးရှင် ကျော်ဇင်ညွှန့် (တရားရုံးချုပ်ရှေ့နေ)၏ ဖွံ့ဖြိုးတိုးတက်မှုများကို မျက်ကွယ် ပြု၍ နှောင့်ယှက်နေပါလျှင်ဆောင်းပါးနှင့် နိုဝင်ဘာလထုတ် မြဝတီမဂ္ဂဇင်းမှဒေါက်တာမတင်ဝင်းရေးသားသည့် ကြီးမားသောဆုံးဖြတ်ချက်ချမှတ်ခြင်း ဆောင်းပါးတို့ကို ဖတ်ကြားဆွေးနွေးကြကြောင်း သိရသည်။ **(အပေါ်ပုံ)** **(ခရိုင် ပြန်/ဆက်)**

ဟိုပင်မြို့၌ ကွန်ပျူတာ သင်တန်းဆင်း

ဟိုပင် ဒီဇင်ဘာ ၂၆

ကချင်ပြည်နယ် ဟိုပင်မြို့ မြသီတာ အခြေခံပညာ အထက်တန်းကျောင်းခွဲ၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ကွန်ပျူတာ အခြေခံသင်တန်းဆင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီက အထက(ခွဲ) မြသီတာကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဦးမရစ်ဖုန်က သင်တန်းဆင်း အမှာစကား ပြောကြားပြီး ကွန်ပျူတာနည်းပြဆရာမ ဒေါ်ခင်ဦးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းတွင် ဆုရရှိသူများနှင့် ထူးချွန်ဆု ရရှိသူများကို တာဝန်ရှိသူများက လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ကြသည်။ အဆိုပါ ကွန်ပျူတာ အခြေခံ သင်တန်းသို့ ကျောင်းသား ကျောင်းသူ ၆၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ လေးလကြာမြင့်ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ကျေးလက်စာကြည့်တိုက် နွားထိုးကြီး၌ ဖွင့်လှစ်

နွားထိုးကြီး ဒီဇင်ဘာ ၂၀

နွားထိုးကြီးမြို့နယ် ငါ့စည်ကျေးရွာ သုခလရောင်စာကြည့်တိုက်၏ အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၂ရက် နံနက် ၉နာရီက အဆိုပါအဆောက်အအုံသစ်၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးထိန်လင်းနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းဆွေဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။**(အပေါ်ပုံ)**

အဆိုပါ စာကြည့်တိုက် အဆောက်အအုံကို ဆရာတော်ဦးဝိရူရနှင့် ကျေးရွာပြည်သူများက စုပေါင်းမတည်ငွေများဖြင့် တည်ဆောက်ခြင်းဖြစ်ပြီး အလျား ၁၅ပေ၊ အနံ ၁၂ ပေ၊ အမြင့် ၁၂ ပေရှိသော သွပ်မိုး၊ ထရံကာအဆောက်အအုံကို စုစုပေါင်းကုန်ကျစရိတ် ငွေကျပ် ခြောက်သိန်းကျော် အကုန်အကျခံ၍ တည်ဆောက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ

ရောဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးစိုးတင့် ငပုတောမြို့ မြို့မဈေးအတွင်း ယင်နှင့်အနံ့အသက်ဆိုးများ ကင်းရှင်းစေရေးအတွက် အသား၊ ငါးဆိုင်များတွင် ယင်လုံဆန်ခါဖြင့် ရောင်းချမှုကို နိုဝင်ဘာ ၂၁ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်နိုင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

သထုံမြို့ ပုဗ္ဗာရုံကျောင်းတိုက် စိန်ရတုသဘင်ကျင်းပ

သထုံ ဒီဇင်ဘာ ၁၂

သထုံမြို့ ပုဗ္ဗာရုံပရိယတ္တိစာသင်တိုက်ကြီး၏ ပဓာနနာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ခေမာစာရ ဆရာတော်ကြီးက ကြီးမှူး၍ သထုံမြို့နယ် ပုဗ္ဗာရုံကျောင်းတိုက် ဘုံကထိန်နှင့် စိန်ရတုသဘင် အလှူတော်မင်္ဂလာ အခမ်းအနားကို နိုဝင်ဘာ ၁၁ ရက် နံနက် ၇ နာရီက အဆိုပါကျောင်းတိုက် ခေမာရတနာဗိမာန်၌ ကျင်းပကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မိဘနှစ်ပါးအား ရည်စူး၍ ဗဟန်းမြို့နယ် ကျိုက္ကဆံရပ် ဥသဿဖယားလမ်းနေ ဦးလှမြင့်-ဒေါ်တင်ဝင်း မိသားစုက ရန်ကင်း ပြည်သာယာ (တာမွေလေး သံလမ်းအနီး) ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်း အတွက် ငွေကျပ်သုံးသိန်းကို ရွှေပြည်ဟိန်း ဆရာတော် မဟာ ဓမ္မကထိက ဗဟုဇနဟိတဓရ အရှင်ခေမာသိရီ လက်ာရထံလှူဒါန်းရာ မယ်တော်ကြီး ဒေါ်အမာက လက်ခံစဉ်။ (က-ပ)

ကွန်ကရစ်တံတား မိုးညှင်း၌တည်ဆောက်

မိုးညှင်း ဒီဇင်ဘာ ၃

မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးအတွက် ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သော နန်းမားကျေးရွာ ရွာလယ်လမ်း ကွန်ကရစ်တံတား တည်ဆောက်မှုကို အောက်တိုဘာ ၁၄ ရက်က အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းထွန်း ကွင်းဆင်းစစ်ဆေးရာ လုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာဦးဇော်မျိုးထွေးက လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

(ဒေါ်ရွှေစော) ပန်းမြောင်း တန့်ကြည့်တောင်ယောဂီအား ရည်စူး၍ အမှတ်(၁၁) မေတ္တာလမ်းသွယ် ၃ ပတ္တမြားရပ်ကွက်နေ သားငယ် မောင်တင်လှိုင်ထွေးက ရွှေပြည်သာမြို့နယ် ၆/၁၀ ရပ်ကွက် သံလွင်လမ်း ရန်ကြီးအောင် ကျောင်းတိုက်တွင် ဆောက်လုပ်ဆဲ ဓမ္မရတိသိမ်တော်ကြီးအတွက် တစ်ခန်း အလှူငွေကျပ် ၃၅၀၀၀၀ ကို ရန်ကြီးအောင်ကျောင်းဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ကောလင်းမြို့နယ် စာနယ်ဇင်းအဖွဲ့ လုပ်ငန်းဆိုင်ရာများ ညှိနှိုင်းစည်းဝေး

ကောလင်း ဒီဇင်ဘာ ၂၇

ကောလင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ လုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို အဖွဲ့ရုံး အစည်းအဝေးခန်းမဆောင်၌ ဒီဇင်ဘာ ၂၀ ရက်က ကျင်းပရာ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ညိမ်း(မြန်ဂုဏ်ဆောင်)က ၁၃၆၉ခုနှစ် စာဆိုတော်နေ့ကျင်းပရေး၊ အဖွဲ့အင်အားတိုးချဲ့စည်းရုံးရေး၊ ကျေးလက်စာပေပြိုင်ပွဲများကျင်းပရေး၊ ကျေးလက်စာကြည့်တိုက်များသို့ စာအုပ်၊ ဂျာနယ်၊ သတင်းစာလှူဒါန်းရေး၊ မြို့နယ်သမိုင်းနှင့် လွယ်မောက်တောင်သမိုင်း ထုတ်ဝေနိုင်ရေးတို့ကို ဆွေးနွေးကြသည်။ **(ဝ၂၆)**

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် လေးထပ်ဘောဇနဆောင်အတွက် ဆက်လက်လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ် ၈၂ နတ်မောက်လမ်း မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီးအတွင်း၌ စတင်တည်ဆောက်နေပြီဖြစ်သော လေးထပ်ဘောဇနဆောင်အတွက် ဦးထွန်းရွှေ-ဒေါ်ခင်ခင်မြမိသားစု ကန်တော်လေးက ငွေကျပ် တစ်သိန်းတစ်သောင်း၊ ဒေါ်အမာစိန်ကျောက်တံတားက ငွေကျပ်တစ်သိန်း၊ ဦးကျော်သန်း-ဒေါက်တာ ဒေါ်ခင်ကြည် မရမ်းကုန်းက ငွေကျပ် တစ်သိန်း၊ ဒေါ်ဟာယုံမိသားစု တာမွေက ငွေကျပ်တစ်သိန်း၊ ဒေါက်တာ ဝင်းမောင်-ဒေါ်တင်တင်အေး ကျောက်မြောင်းက ငွေကျပ်တစ်သိန်း၊ ဘွားဘွား ဒေါ်မြင့်မြင့်ဆန်း၊ (မြေး)မထက်ကြည်ဖြူ ဗဟန်းက ငွေကျပ်တစ်သိန်း၊ ဦးကံမြင့်-ဒေါ်ခင်တုတ်နှင့် သားသမီး၊ မြေးတစ်စု ရေနံချောင်းက ငွေကျပ်တစ်သိန်း၊ ဒေါ်မြင့်မြင့်အေးမိသားစုပုဇွန်တောင်က ငွေကျပ်တစ်သိန်း၊ ဒေါ်အုန်းစိန်မိသားစု ယုဇနဥယျာဉ်မြို့တော်က ငွေကျပ်တစ်သိန်း လှူဒါန်းကြသည်။ အလှူရှင်များ လှူဒါန်းလိုပါက ဖုန်း-၅၄၁၈၆၀သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

သဃ်န်းကျွန်းမြို့နယ် ဆ/ခ ရပ်ကွက် မေခအိမ်ရာ ချင်းတွင်းလမ်း အမှတ်(ဘီ-၄)နေ ဒေါက်တာ ဒေါ်သိန်းနွဲ့နှင့် သားသမီးများက ဦးသန်းနိုင်တာ (မြန်မာ့လျှပ်စစ်ဓာတ်အားပေးလုပ်ငန်း) ဇန်နဝါရီ ၃ ရက်တွင် ကွယ်လွန်ခြင်း တစ်နှစ်ပြည့်အား ရည်စူး၍ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် ငါးသိန်းလှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံးက လက်ခံယူစဉ်။ (က-ပ)

မိတ္ထီလာ ခရိုင် မလှိုင် မြို့နယ်နှင့် မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ်သို့ ဖောက်လုပ်သော ခရိုင်ချင်းဆက် လမ်းဖောက်လုပ်မှု စတင်အကောင်အထည်ဖော် လှူဒါန်းတော်မူသော ဆရာတော် အရှင် အဂ္ဂဝံသ၊ မလှိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးသန်း၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးတင့်ထွန်းကျော်နှင့် မြေစာရင်းဦးစီးမှူးတို့ ဒီဇင်ဘာ၂၀ ရက်က ခရိုင်ချင်းဆက် လမ်းချောအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (က-ပ)

မြောက်ဥက္ကလာပမြို့နယ် အမှတ်(၇) အခြေခံပညာအလယ်တန်းကျောင်း ၂၀၀၆-၂၀၀၇ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် သူငယ်တန်းမှ ဆဋ္ဌမတန်းအထိ ခုနစ်နှစ်ဆက်တိုက် ပထမဆုရ မောင်အောင်ကျော်ထက်အား ကျောင်းအုပ် ဆရာမကြီး ဒေါ်လှသိန်းက ဆုချီးမြှင့်စဉ်။ (က-ပ)

ကသာ၌ စာပေဟောပြောပွဲနှင့် စာအုပ်လှူဒါန်း

ကသာ ဒီဇင်ဘာ ၂၀

ကသာမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် ကသာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ စာပေဟောပြောပွဲနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၉ ရက် မွန်းလွဲ ၁ နာရီက မိဿလင်းကျေးရွာအုပ်စု ကပ္ပလိပ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ကသာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစောအောင်က အဖွင့်အမှာစကားပြောကြားပြီး ကသာမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးစမ်းဦးက စာပေအကြောင်း ဟောပြောကာ ကပ္ပလိပ်ကျေးရွာ အလင်းရောင်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်သို့ စေတနာရှင်၊ အလှူရှင်များက စာအုပ်စာစောင် အုပ်၃၅၀ကို လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ချင်းပြည်နယ် သာသနာပြုကျောင်းအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂

ချင်းပြည်နယ် ဟားခါးမြို့ မြို့မ သာသနာပြုစာသင်တိုက်ပဓာနနာယက ဆရာတော်ဘဒ္ဒန္တတေဇောသာရ (မဟာဂန္ထဝါစကပဏ္ဍိတ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်)၏ သက်တော် (၄၅) နှစ်ပြည့်မွေးနေ့ပွဲနှင့် ရန်ကုန်မြို့တွင် ဆောက်လုပ်နေသော ချင်းပြည်နယ် သာသနာပြု ကျောင်းတော်ကြီးအတွက် တတိယအကြိမ် အလှူငွေ ပေးအပ်လှူဒါန်းပွဲကို ဩဂုတ်၄ရက်က ဟားခါးမြို့၌ ကျင်းပရာ အလှူငွေ လှူဒါန်းပွဲတွင် ဦးအောင်ဝင်း-ဒေါ်ဘိုင်တီဂလ်အား အမှူးထား၍ ကွယ်လွန်သူ မောင်ဇင်ဝင်းမြင့်(ခ)မောင်ပါဝင်းအတွက် ဈေးဟောင်းရပ်နေ ကိုလှမြင့်ဟန်-မနီလာခိုင်မိသားစုက ငွေကျပ် သုံးသိန်းငါးသောင်း၊ ဟားခါးမြို့ ပြည်တော်သာရပ်နေ ဒေသခံဗုဒ္ဓဘာသာဝင် ဦးဖိုးချို-ဒေါ်မိမိဝင်းနှင့်(သား)မောင်လှဝင်းချို၊ (သမီး)မဝါဝါဝင်းချို၊မန္တေမြတ်မွန်၊(ညီမ) မအေးမိမော်(လှဝင်းချိုကုန်မျိုးစုံရောင်းဝယ်ရေး) မိသားစုက ငွေကျပ်သုံးသိန်း၊ ချင်းပြည်နယ်မှ ရဲမှူးကြီး ဝင်းကြည်နှင့် တပ်ဖွဲ့ဝင်များ၊ စာရေးဝန်ထမ်း မိသားစုတို့က ငွေကျပ်တစ်သိန်းခုနစ်သောင်းလေးထောင်၊ နှစ်ဖက်မိဘအားရည်စူး၍ ဟားခါးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဝင်း-ဒေါ်ဘေဘီအုန်းမောင် မိသားစုက ငွေကျပ်တစ်သိန်း၊ ခွာရုံဆရာတော်ကြီးအားရည်စူး၍ ဒေါ်သန်းကြည်၊ (သမီး) ဆရာမ ဒေါ်သင်းသင်းလှိုင် အမှတ်(၃) အထက်တန်းကျောင်းနှင့် သားသမီး၊ မြေးတစ်စုက ငွေကျပ်တစ်သိန်း၊ ဦးအေးမောင်-ဒေါ်မြဟန် မိဘနှစ်ပါးအမှူးထား၍ ဆရာမ ဒေါ်ခင်မြင့်ရီ အမှတ်(၃) အထက်တန်းကျောင်းက ငွေကျပ် ငါးသောင်း၊ ဖလမ်းခရိုင် အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင်စီ-ဒေါ်မို့မို့တင်ဦးမိသားစုက ငွေကျပ်ငါးသောင်းနှင့် အလှူရှင်များ စုပေါင်းလှူဒါန်း ငွေကျပ် ၃၆သိန်းတို့ကို လှူဒါန်းကြရာ ဆရာတော်၏ ကပ္ပိယကာရကများဖြစ်ကြသည့် ဗိုလ်မှူးချုပ်ဟုန်းငိုင်း၊ ဦးတင်မြင့်နှင့် ရဲမှူးကြီး ဝင်းကြည်တို့က လက်ခံယူကြသည်။

ထို့နောက် မွေးနေ့အလှူရှင် ဆရာတော်က ငွေကျပ်သိန်းတစ်ထောင်ကျော် တန်ဖိုးရှိ မိမိပိုင်မြေကွက်အား သာသနာတော်သို့ လှူဒါန်းရခြင်းနှင့် ချင်းပြည်နယ် သာသနာပြုကျောင်းတော်ကြီး တည်ဆောက်ရခြင်းတို့ကို မိန့်ကြားပြီး ရေစက်သွန်းချ အမျှပေးဝေကာ သံဃာတော်၅၅ပါးတို့အား ပရိက္ခရာရှစ်ပါး လှူဒါန်း၍ နေ့ဆွမ်း ဆက်ကပ်ကြကြောင်း သိရသည်။ **(က-ပ)**

ဒိုက်ဦးမြို့နယ် စည်ပင် သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့် မြို့ပြလမ်း ၆ ရပ်ကွက် ၇ လမ်း ကတ္တရာခင်းခြင်း လုပ်ငန်းကို အငယ်တန်း အင်ဂျင်နီယာ(၂)ဦးမြင့်လွင်ဦး ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ လက် ထောက် ညွှန်ကြားရေးမှူး ဦးတင်ဦးလေးနှင့် လက်ထောက် အင်ဂျင်နီယာ ဦးထက်အောင်ခန့်တို့ ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

မြောင်မြို့နယ်ထွေ/အုပ်ဦးစီးဌာန ဝန်ထမ်းသားသမီးများ ပညာသင်ထောက်ပံ့ငွေပေးအပ်

မြောင် ဒီဇင်ဘာ ၁၂

စစ်ကိုင်းတိုင်း မြောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၃၀ရက် နံနက် ၁၁နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ထီးလှိုင်ရှင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်က အမှာစကားပြောကြားပြီး ပညာသင်ထောက်ပံ့ငွေများကို အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်သူမြင့်တို့က ပေးအပ်ခဲ့ကြောင်း သိရသည်။
(မြို့နယ် ပြန်/ဆက်)

ထီးတော်တင်လှူပွဲ ဖိတ်ကြားလွှာ

မြစ်ကြီးနားမြို့ ခေမာသီဝံကျောင်းတိုက်၌ တည်ထားကိုးကွယ်သော အနန္တသုခ ရွှေတိဂုံဓာတုစေတီတော်မြတ်ကို ၉–၁–၂၀၀၈ ရက်မှ ၁၂–၁–၂၀၀၈ရက်အထိ ရွှေထီးတော်တင် ပူဇော်ပွဲကျင်းပမည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေး ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။

စေတီတော်တည်ဆောက်ရေးအဖွဲ့
ခေမာသီဝံကျောင်း၊ မြစ်ကြီးနားမြို့၊
ဖုန်း–၀၇၄–၂၃၂၁၂။

ကားမျိုးစုံ ငှားမည် Crown Van 90 Model Diesel ၄က---၊ Creaster 90 Model Diesel ၄က---၊ ခရီးစဉ်အမျိုးမျိုးအတွက် ကားမျိုးစုံ နှစ်ချုပ်၊ လချုပ်၊ ရက်ပိုင်း၊ အချိန်ပိုင်း ငှားရန် ရှိသည်။ အကျိုးတူပူးပေါင်းလိုသော ယာဉ်ပိုင်ရှင်များ ဆက်သွယ်နိုင်ပါသည်။ **CDMA ဖုန်းငှားမည်။ ဖုန်း–၅၂၄၆၈၆၊ ၇၂၀၄၄၇။**

၂၈–၁၂–၂၀၀၇ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ

ဦးအောင်မြိုင်၏ အများသိစေရန်ကြေညာခြင်းကို ကန့်ကွက်ခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးဇော်လင်း ၈/မကန(နိုင်) ၀၀၀၃၆၂၊ အမှတ် ၁၂၅ ဆားစည့်ရပ်၊(၁)လမ်း၊ မကွေးမြို့နှင့် ဦးအောင်သိန်းလွင် ၁၂/သဃက(နိုင်) ၀၇၄၈၆၆ ၊ ၅၅/၅၆–ဆွမ်းလောင်းရုံတိုက်တန်း၊ မကွေးမြို့ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်ကြောင်းကြေညာအပ်ပါသည်။

မကွေး–ရန်ကုန် ပြည်မြန်မာခရီးသည် ပို့ဆောင်ရေးကားလိုင်းသည် ဦးအောင်မြိုင် တစ်ဦးတည်းပိုင်မဟုတ်ပါ။ ဦးအောင်မြိုင်က ၎င်းတစ်ဦးတည်းပိုင်ဖြစ်ကြောင်း ယခင်(၁–၆–၁၉၉၇)ရက်ကလည်း ကြေညာစာများဖြန့်ဝေခဲ့ဖူးပါသည်။ အဆိုပါကြေညာချက်မမှန်ကန်ကြောင်း အသင်းဝင်သုံးဦးက (၈–၆–၁၉၉၇)ရက်တွင် ကန့်ကွက်စာများဖြန့်ဝေခဲ့ပါသည်။ မကွေး မထသမှအသင်းဝင်အားလုံး ပိုင်ဆိုင်ကြောင်းနှင့် ကားလိုင်း၏ အကျိုးအမြတ်များကို ဦးအောင်မြိုင်နှင့် ကျန်အသင်းဝင်များ အချိုးကျခွဲဝေခံစားစေရန် ဆုံးဖြတ်ပေးခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နောက်နောင်တွင် ထင်ယောင်ထင်မှားဖြစ်စေရန် မမှန်မကန်ကြေညာခြင်း ထပ်မံမပြုလုပ်ရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးလှဝင်း
တရားရုံးချုပ်ရှေ့နေ (၅၇၇၄)
၆–လမ်း၊ အိုးဘိုရပ်၊ မကွေးမြို့။

ဖေမြင့်... ၏ အမှာနှင့်အတူ

(ထွက်ပြီ) **ဦးကျော်ဇေယျ** (ထွက်ပြီ)

အများပြည်သူဆိုင်ရာ ဥပဒေပြဿနာနှင့် ရှင်းချက်များ

ကဏ္ဍပေါင်းစုံက ဥပဒေပြဿနာပေါင်းစုံရဲ့အဖြေများ။
မကြာခဏ တွေ့ရကြုံရတတ်တဲ့ကိစ္စရပ်များကို
မှန်မှန်ကန်ကန်၊ တိတိကျကျ၊
လွယ်လွယ်ကူကူ၊ ရှင်းရှင်းလင်းလင်း သိခွင့်ရမည်။

တစ်ဦးတည်း ဖြစ်ကြောင်း ဦးသိန်းဝင်း၏သား မောင်ဘုန်းသန့်ကျော်(ကွန်ပျူတာတက္ကသိုလ်) ၁/ဗမန(နိုင်) ၀၆၆၄၉၈ နှင့် မောင်ဘုန်းဝင်း ၁/ဗမန(နိုင်) ၀၆၆၄၉၈ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

မော်တော်ယာဉ် မှတ်ပုံတင်စာအုပ်မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ၃က/၂၇၄၁ အီစူဇူး စတေရှင်ဝက်ဂွန်ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်ဝတ်ရည်လင်း၊ မှတ်ပုံတင်အမှတ် ၁၂/ဗဟန(နိုင်)၀၉၃၉၄၂က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊(အရှေ့ပိုင်းခရိုင်ရုံး)၊ ရန်ကုန်မြို့။**

မဟာဗောဓိစေတီ မနောရမသိမ်ကျောင်းအတွက် ငွေလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားအနီးရှိ ငါးထပ်ကြီးကျောင်းတိုက် ဒေါနခင်ကျောင်း၌ တည်ဆောက်လျက်ရှိသော မဟာဗောဓိစေတီ မနောရမ လေးထပ်သိမ်ကျောင်းတော်ကြီးအတွက် အလှူရှင် ဦးသိန်းထွဋ်–ဒေါ်ကျင်သန်း၊ သမီး ဆုရည်မွန်မိသားစု အမှတ် (၄) စမုံလမ်း ပြည်အရှေ့ရပ်ကွက် ဒဂုံမြို့နယ် ရန်ကုန်တိုင်းက အလှူငွေကျပ်သိန်း၂၀ ကို ပဓာနဆရာတော် ဘဒ္ဒန္တနန္ဒိယထံ ဆက်ကပ်လှူဒါန်းသည်။ **(ယာပုံ)**

အဆိုပါမဟာဗောဓိစေတီ မနောရမ လေးထပ် သိမ်ကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက်ကုသိုလ်ပါဝင်လှူဒါန်းလိုသူများသည် ဆရာတော် ဘဒ္ဒန္တနန္ဒိယ ဖုန်း– ၀၁–၅၄၀၀၁၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

ရိပ်သာဆောက်ရန် ငွေလှူဒါန်း

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ် ၃ ရပ်ကွက် မင်းကျောင်းလမ်းရှိ သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ် ရိပ်သာဆောက်လုပ်ရန်အတွက် လမ်းမတော်မြို့နယ် လမ်းသစ်ရိပ်သာတိုက် ၁၀၊ အခန်း ၁၉ နေ ဦးညိုထွန်း–ဒေါ်သီတာလင်းထွန်းနှင့် သား မောင်လင်းစန်းကိုကိုတို့က အလှူငွေကျပ် တစ်သိန်းသုံးသောင်းလှူဒါန်းရာ ပြန်ကြားရေးမှူးနှင့် ခေတ္တဘဏ္ဍာရေးမှူး ဦးသန်းက လက်ခံယူစဉ်။ (က–ပ)

ကယားပြည်နယ် မယ်စဲ့မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမိုးအောင် ဦးဆောင်၍ ကျန်းမာရေး ဝန်ထမ်းများ စုပေါင်းပြီး မယ်စဲ့မြို့တွင်း၌ သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ရေကြည်မြို့နယ်စည်ပင် အောင်ဆန်း(၇)လမ်း ကတ္တရာလမ်းသစ်ခင်း

ရေကြည် ဒီဇင်ဘာ ၂၀

ရေကြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သော အောင်ဆန်း ၇လမ်း ကတ္တရာလမ်းသစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဒီဇင်ဘာ ၂၀ ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့် ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဌေးနိုင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးကိုကိုတို့က ရှင်းလင်းတင်ပြကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ်
နတ်တော်လပြည့်ကျော်(၁၁)ရက်
၄–၁–၂၀၀၈
(သောကြာနေ့)
(လွတ်လပ်ရေးနေ့)

နံနက်ပိုင်း

၀၆:၄၅ **နှစ်(၆၀)ပြည့်လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့် အလံတော်အလေးပြုပွဲ အခမ်းအနား တိုက်ရိုက်အသံလွှင့်ခြင်း – နိုင်ငံတော်မှ ချီးမြှင့်သည့် ဘွဲ့ထူးဂုဏ်ထူးများ ကြေညာခြင်း**

နေ့လယ်ပိုင်း

၁၀:၃၀ ဟောပြောချက် (မျိုးချစ်စိတ်ဓာတ်မှ အခြေတည်၍)

၁၁:၁၅ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား (ပိတောက်ခင်ကျေးရွာ၏ စိုက်ပျိုးဖြစ်ထွန်း အောင်မြင်မှုများ)

၁၂:၀၀ ကျန်းမာရေးနှင့် ဆေးပညာ (သွေးတိုးရောဂါကာကွယ်ပါ)

၁၂:၃၀ ဇာတ်လမ်းပမာနားဆင်စရာ (အမှတ်တရနှင်းစက်များ)

ညနေပိုင်း

၁၆:၁၀ ရာသီခါမီတေးပန်းချီ
(၁) ဆောင်းနတ်မယ် (မန္တ လေးသိန်းဇော်)
(၂) ဆောင်း (မိုးအဖွဲ့)
(၃) ဆောင်းသဇင်မြင်လေတိုင်း (စန္ဒရားဘိုကြီး)

၁၇:၃၀ ရေဒီယိုမဂ္ဂဇင်း
(၁) လွတ်လပ်ရေးအမွေ တည်တံ့စေ (ခေါင်းကြီး)
(၂) ထာဝရအဓိဋ္ဌာန် (ဆောင်းပါး)

၁၇:၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ

၁၈:၂၅ ကျေးလက်ဇာတ်လမ်း (အရှယ်တိုင်းအတွက်)

၁၈:၄၀ သိပ္ပံပညာသိကောင်းစရာ (ပင့်ကူမျှင် အိမ်ဖွဲ့ခြင်း– မောင်ဆုရှင်)

၁၉:၁၅ ကာလပေါ်တူရိယာအဖွဲ့နှင်းပုလဲပန်းကာလပေါ်အဖွဲ့

၂၀:၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) အုံးစက်ပါ ဘုန်းလက်ယာဝယ် (ကိုကျော်ညွှန့်)
(၂) မှန်ကြိုက်သူ (ညွှန့်ညွှန့်စိန်)
(၃) ချစ်သောမောင်(လှလှရီ)

ကျောက်ချောခင်း

၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း မိုင်းယောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော အမက–၁လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၃) ဦးကျော်ညီညီထွန်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကလောမြို့မဈေး၌ အိုင်အိုဒင်းဆားများ ရောင်းချမှုစစ်ဆေး

ကလော ဒီဇင်ဘာ ၂၀

ကလောမြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင် မြို့မဈေးအတွင်း အိုင်အိုဒင်းဆား ရောင်းချမှုနှင့် အိုင်အိုဒင်းပါဝင်မှု စစ်ဆေးခြင်းများကို ဒီဇင်ဘာ ၇ ရက်က ခရိုင်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာခင်မောင်ဦး၊ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ စုပေါင်းဆောင်ရွက်ခဲ့ရာသို့ ဒုတိယဦးစီးမှူး(ဈေး) ဒေါ်ဖြူဖြူခင်နှင့် ကျန်းမာရေးမှူး(၂) ဦးသန့်ဇင်အောင်တို့က ရှင်းလင်းပြသကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် နိုဝင်ဘာ၂၁ ရက်က ဆင်ပေါင်ဝဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဧရာဝတီမြစ်ရေတင်ရန် မြို့ရေပေးရေး လုပ်ငန်းကို စစ်ဆေးရာ အမှုဆောင် အရာရှိ ဦး အောင် ရွှေ နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမြင့်စန်းဦးတို့ လုပ်ငန်းဆောင်ရွက်ချက်များ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

3-1 (20) 1 1/3/08, 2:42 AM

ပြည်သူ့ သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

ရောဝတီတိုင်းမှ ချင်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသများသို့ ခရီးမိုင်အတိုဆုံးနှင့် ရာသီမရွေး ဆက်သွယ်သွားလာနိုင်မည့် ပုသိမ်–မုံရွာလမ်း(မြောက်ပိုင်း)ရှိ မဲဇလီတံတားဖွင့်လှစ်

နေပြည်တော် ဇန်နဝါရီ ၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၃)က တာဝန်ယူ၍ မကွေးတိုင်း မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ပုသိမ်–မုံရွာလမ်း(မြောက်ပိုင်း) မိုင်တိုင်အမှတ်(၁၃၆/၆)၌ မုန်းချောင်းကိုဖြတ်၍ တည်ဆောက်ပြီးစီးသည့် မဲဇလီတံတား ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသားကျောင်းသူများ၊ မင်္ဂလာစည်တော်အကအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ ■

လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနား မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဇန်နဝါရီ ၂

၂၀၀၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင်ကျင်းပမည့် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကျင်းပပုံများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ထိုနေ့နံနက် ၆ နာရီ ၄၅ မိနစ်မှစတင်ပြီး အခမ်းအနားကျင်းပရာ နေပြည်တော်မြို့တော်ခန်းမရင်ပြင်မှ တိုက်ရိုက်ထုတ်လွှင့်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသ၌ တည်ဆောက်ပြီးစီးသွားသော မဟာရာဇသိရီ အနိရုဒ္ဓဒေဝ အနော်ရထာမင်းတရားကြီး၏ သိရီဇေယျဘူမိ ပုဂံရွှေနန်းတော်ကြီးကို တွေ့ရစဉ်။ (သတင်းစဉ်)

ခေါင်းအလှပန်းချီ

(၂–၁–၂၀၀၈)

ဟားခါး	ပင်လောင်း
–၂ ဒီဂရီစင်တီဂရိတ်	၅ ဒီဂရီစင်တီဂရိတ်
လွိုင်လင်	ဟဲဟိုး
၄ ဒီဂရီစင်တီဂရိတ်	၅ ဒီဂရီစင်တီဂရိတ်

နှစ်(၆၀)ပြည့်လွတ်လပ်ရေးနေ့ ဂုဏ်ပြုကြိုဆို

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ အနော်ရထာမင်းတရားကြီး၏ သိရီဇေယျဘူမိပုဂံရွှေနန်းတော်ကြီး ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသ၌ တည်ဆောက်ပြီးစီးသွားသော မဟာရာဇသိရီ အနိရုဒ္ဓဒေဝ အနော်ရထာမင်းတရားကြီး၏ သိရီဇေယျဘူမိ ပုဂံရွှေနန်းတော်ကြီး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်း ညောင်ဦးမြို့ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အဆိုပါပုဂံရွှေနန်းတော်ကြီး၌ ကျင်းပရာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ရှေးဟောင်းသုတေသန၊

စာမျက်နှာ ၁၃ ကော်လံ ၁ ✻

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး